စွပ္ပနူးကျေးရွာ၊ ကျိုက်ထိုမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၅–၂၀၂၀)

---

**ပြုစုရေးဆွဲသူ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**စွပ္ပနူးကျေးရွာ၊ ကျိုက်ထိုမြို့နယ်**

**၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ**

## မာတိကာ


မာတိကာ ၁

စကားချီး ၄

စွပွန်းနူး ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ကျိုက်ထိုမြို့နယ် ၅

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၆

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

( ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

( ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

( ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

( င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

( စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

( ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

( ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

( င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

( စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

( ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
( ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၀
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
( ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
( ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၀
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
( ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
( ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၂
(က) ကြီးကြပ်စစ်ဆေးခြင်း
( ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
( ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၄
(၁) လူမှုစီးပွားရေး အခြေအနေ
**ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**
**ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**
**ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**
**ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**
**ဇယား ၅ ဥစ္စာဓနအဆင့် အခြေအနေ**
**ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ**
**ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**
**ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**
**ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု**
(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ**

**ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၃** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၈ **မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

ဇယား ၁၉ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၀ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၂ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ **ပြဿနာနှင့် အခက်အခဲ**များ

**ဇယား** ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

**ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား **၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ**

**ဇယား** ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

**ဇယား** ၂၈ ကျောင်းအပ်နှုန်း

ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား ၃၀ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ **အဖြစ်များသော** ရောဂါများ

ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေ ရရှိမှု

ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ

ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

ဇယား ၃၆ ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

**ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**
**ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ**
**နောက်ဆက်တွဲ** (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၇၀
**ဇယား ၄၃** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ
**နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၅
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း ၈၂
**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၈၃
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၈၃

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင် ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်

လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စွပ်ပွန်းကျေးရွာ ၊ ကျိုက်ထိုမြို့နယ်

## စပွန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုက်ထိုမြို့နယ်




**ရည်ညွှန်း-** စပွန်းကျေးရွာအရင်းအမြစ်ပြမြေပုံ – စပွန်းကျေးရွာ၊ စပွန်း ကျေးရွာ အုပ်စု၊ ကျိုက်ထိုမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၁–၂၃ ရက်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းစဉ်

## (၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး ဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေး စားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင် ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

### (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

**(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ စွပ္ပနူးကျေးရွာသည် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၏ အနောက်မြောက်ဘက်၊ (၉)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ ရန်ကုန်–မော်လမြိုင် မီးရထားလမ်းဘေးတွင်တည်ရှိပြီး ကျေးရွာ၏အကျယ်အဝန်းမှာ(၁၆၈၁)ဧက ရှိပါသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး** ၂၀၁၅ ခုနှစ်တွင် ပျမ်းမျှမိုးရေချိန်သည် ၁၆၄.၂၄လက်မ၊ ပျမ်းမျှမိုးရွာသွန်းရက် (၁၂၅) ရက်ဖြစ်ပြီး၊ အများဆုံး မိုးရွာ သွန်းရက်သည် ဇူလိုင်လတွင် ၂၉ ရက်ရှိပါသည်။ ဇူလိုင်လ (၃၀)ရက် နေ့တွင် (၈.၂၂)လက္မ ရွာသွန်း ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှ မိုးရွာရက် (၁၃၃) ရက်၊ (၁၇၅.၄၆)လက်မ ရွာသွန်းပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ အထိ ပျမ်းမျှ မိုးရွာသွန်းသည့် ရက်နှင့်မိုးရွာသွန်းမှုသည် တစ်နှစ်ထက်တစ်နှစ် တဖြည်းဖြည်း လျော့နည်းလာသည် ကို တွေ့ရှိရ ပါသည်။

**(ဂ) သဘာဝအရင်းအမြစ်များ ။ ။ ကုန်းမြင့် နှင့် မြေနိမ့်လွင်ပြင်အဖြစ် တည်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် စစ်တောင်းမြစ်ရှိပါသည်။ ယင်းမြစ်မှ သားငါးများကို ရရှိနိုင်ပါသည်။**

**(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် ဗမာ/ဗုဒ္ဓဘာသာလူမျိုးများ နေထိုင်ကြပါသည်။ အိမ်ထောင်စု(၃၅၉)စုရှိပြီး လူဦးရေစုစုပေါင်း(၁၆၈၈)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄–၅)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေသည် ၅၉%ရှိပြီး ၄၁%သည် မှီခိုသူများဖြစ်ကြပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေတွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ်ပိုပါသည်။**

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။ ။ ကျေးရွာရှိမိသားစုအများစုသည် အများစုမှာ ရာသီအလိုက်လုပ်ဆောင်နေသောလုပ်ငန်းအရင်းအမြစ်ပေါ်မူတည်ပြီး ကျပန်းလုပ်ကိုင်ကြပါသည်။ ဆင်းရဲသားကျပန်းမိသားစုများသည် ရော်ဘာခြံရှင်းခြင်း၊ ကျောက်သယ်ခြင်း၊ ငါးဖမ်းစက်လှေလိုက်ခြင်း နှင့် စိုက်ပျိုးရေးလုပ်ငန်းများစသည့် ကျပန်းအလုပ်များကို တစ်နေ့ပျမ်းမျှဝင်ငွေ** (၃၀၀၀)ကျပ်မှ(၂၅၀၀)ကျပ်ရရှိပါသည်။ ကျောက်သယ်ခြင်းလုပ်ငန်းတွင် အမျိုးသားများသည် မိမိလုပ်အားပေါ်မူတည်၍ (၅၀၀၀ မှ ၁၀၀၀၀)ကျပ်ထိ ရရှိကြပါသည်။ အမျိုးသားများသည် ငါးဖမ်းစက်လှေလိုက်သည့်အခါ ရက်ပေါ်မူတည်၍ (၄၀၀၀၀မှ၉၀၀၀၀)ကျပ်အထိ ရရှိကြပါသည်။

**ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၇၈)ရာခိုင်နှုန်းရှိသောကြောင့် ကျေးရွာကို ဆင်းရဲသည်ဟု သတ်မှတ်ကြပါသည်။**

**စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကိုဖော်ပြပါသည်။ ကျေးရွာ၏၆၄%သည် မြေယာမဲ့များဖြစ်ပြီး ဆင်းရဲနှင့် အလွန်ဆင်းရဲသောသူများဖြစ်ကြသည်။ မြေပိုင်ဆိုင်သူများ၏ ၇၆%သည် ၂.၅ဧကအောက် ပိုင်ဆိုင်ကြ၍ ဆင်းရဲသောသူများဖြစ်ပြီး ၁၀%သည် ၂.၅ဧကမှ ၅ဧက်အထိပိုင်ဆိုင်ကြပြီး တောင်သူငယ်များ ဖြစ်ပါသည်။ ၁၄% သည် ၅ ဧကအထက်ပိုင်ဆိုင်ကြပါသည်။ တစ်ဦးတည်းပိုင် စိုက်ပျိုးမြေဧက (၈ဧက)ထိ အများဆုံးပိုင်ဆိုင်ပါသည်။**

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ။ ။** စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ **ဆင်းရဲ**

**သော အိမ်ထောင်စု(၃၃၈)ရှိသည်အနက် (၂၄၆) အိမ်ထောင်စုမှာ ၃လအောက် နှင့် (၁၈) အိမ်ထောင်စု သည် ၃လ နှင့် ၅လအထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ (၇၄) အိမ်ထောင်စုသည် အနည်းဆုံး ၆လစာ သိုလှောင်ထားနိုင်ပါသည်။ အိမ်ထောင်စုများသည် ချေးငွေများဖြင့် ရပ်တည်နေကြရပြီး အနည်းဆုံး ၁၀၀၀၀ ကျပ် မှ ၄၅၀၀၀၀၀ ကျပ်ထိ ချေးငှားကြ ရပါသည်။ ကျန်သော အချိန်များတွင်** မိသားစုများသည် ခေါက်ပြန်ကြေးယူ၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ ပံ့ပိုးမှုဖြင့်လည်းကောင်း၊ သီးနှံကြိုရောင်း၍သော်လည်းကောင်း၊ **အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်သူတို့ ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။**

**ကျေးရွာတွင် နှစ်စဉ်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြို၍ လယ်မြေဆုံးရှုံးခြင်း ၊ ဆားငံရေ ဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးသီးနှံ၊ စိုက်ပျိုးမြေများဆုံးရှုံးခြင်း၊ မြေဆီလွှာအရည်အသွေး ပျက်စီးလာခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့်ကြုံတွေ့ချိန်၊ သီးနှံဖျက်ပိုးနှင့် ရောဂါများကျရောက် ခြင်း ဈေးကွက်မတည်ငြိမ်မှုများဖြစ်ပေါ်ခြင်းကြောင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ ဆင်းရဲသား တောင်သူငယ်များနှင့်ကျပန်းမိသားစုများအတွက် စားနပ်ရိက္ခာမဖူလုံမှုများ မြင့်မား ပါသည်။ လယ်သမားများ၊ ယာသမားများသည် စစ်တောင်းမြစ်၏တဘက်ကမ်း ပဲခူးတိုင်း၊ ဝေါမြို့ နယ်ဘက်ခြမ်းတွင် သီးနှံစိုက်ပျိုးရန်အတွက် စက်လှေဖြင့်သွားရခြင်း၊ ကျပန်းသမားများ ကျောက်ခဲ့ သည့်နေရာများတွင် အလုပ်လုပ်ကိုင်ရခြင်း၊ တံငါလုပ်ငန်းလုပ်ကိုင်သူများသည် ပင်လယ်ဝအထိ သွားရောက်ငါးဖမ်းရခြင်းတို့ကြောင့် ထိခိုက်လွယ်မှုကိုဖြစ်စေပါသည်။** ကျေးရွာတွင် အမျိုးသမီးဦး ဆောင်သောအိမ်ထောင်စု(၆၀)စုရှိပါသည်။ ကျေးရွာများတွင် ရေရောစပ်၍သောက်ရသော၊ ဈေးနှုန်း နည်းပါးသော အရက်ဆီများအား ရောင်းချကြပါသည်။ သောက်သုံးသောအမျိုးသားများသည် အသဲ ရောဂါများရရှိပြီး အရွယ်မတိုင်ခင် သေဆုံးကြခြင်းကြောင့် အိမ်ထောင်ရှင် အမျိုးသား၊ အမျိုးသမီး များအတွက် ထိခိုက်လွယ်မှု မြင့်မားပါသည်။

**(ဃ) ကျန်းမာရေး နှင့် အာဟာရ။ ။ မိုးဦးကျချိန်တွင် ကလေးငယ်များ သွေးလွန်တုပ်ကွေး ရောဂါအဖြစ်များကြပြီး ဆီးချို၊ သွေးချိုနှင့်သွေးတိုးရောဂါများဖြစ်ပွားကြပါသည်။ အမျိုးသားများ တွင် အရက်ကြောင့်ဖြစ်သော ရောဂါများဖြစ်ပွားကြပါသည်။ အရက်ကြောင့် အရွယ်မတိုင်ခင် သေဆုံးမှုများရှိကြပါသည်။**

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

အသက်(၉)နှစ်အထက်ကျေးရွာလူဦးရေ၏ ၁.၃%သည် စာတတ်မြောက်မှုမရှိကြပါ။ ၅.၆%သည် ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့သူများဖြစ်ပါသည်။ ပညာတတ်မြောက်မှု အနေဖြင့် မူလတန်း ပညာပြီးဆုံးသူ ၁၅.၉%၊ အလယ်တန်းပညာပြီးဆုံးသူ ၃.၇%၊ အထက်တန်းပညာ ပြီးဆုံး သူ ၁.၁% နှင့် ဘွဲ့ရရှိသူ ၀.၉% ရှိပါသည်။ ယခုအခါ အသက် (၅-၉)နှစ် အတွင်း လူဦးရေ (၂၀၀)ရှိ သော်လည်း မူလတန်းပညာတက်ရောက်နေသူ(၂၈၄)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၁၄၂%ရှိသဖြင့် ကလေး များ ကျောင်းနေနောက်ကျခြင်းကြောင့် အသက်(၉)နှစ်ကျော်သော်လည်း မူလတန်း အဆင့်တွင်ပင် ရှိနေခြင်း၊ အသက်(၁၀-၁၄)နှစ်အတွင်း လူဦးရေ(၁၉၉)ဦးရှိသော်လည်း တက်ရောက်နေသူ(၁၀၉)ဦး ၊ ရာခိုင်နှုန်းအားဖြင့် ၅၅%ရှိသဖြင့် အသက်(၁၄)နှစ်ကျော်သော်လည်း အလယ်တန်းအဆင့်တွင်ပင်

ရှိနေကြပါသည်။

**ကျေးရွာတွင် ပညာရေး၊ စက်မှုလယ်ယာဝန်ထမ်း(၂)ဦးရှိပြီး တစ်ပိုင်တစ်နိုင်ဝင်ငွေရလုပ်ငန်းအဖြစ် သံသေတ္တာပြုလုပ်ခြင်း၊ ကွမ်းခြင်းယက်ခြင်း၊ လက်သမား/ပန်းရံလုပ်ခြင်း၊ စက်ချုပ်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ စက်ဘီး/ဆိုင်ကယ်ပြင်ခြင်း၊ လ္ဘက်ရည်ဆိုင်၊ ကူးတို့ နှင့် ဆိုင်ကယ်ကယ်ရီဆွဲခြင်းတို့ဖြင့် ဝင်ငွေရှာဖွေသူများရှိပါသည်။**

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။** ။ စွပ္ပနူးကျေးရွာတွင် တစ်ရက်လျှင် အမျိုးသား တစ်ဦး အလုပ်လုပ်ခ (၃၀၀၀-၃၅၀၀)ကျပ် နှင့် အမျိုးသမီး တစ်ဦးလျှင် (၂၀၀၀-၂၅၀၀)ကျပ်ရရှိပါသည်။ ပညာတတ်မြောက်မှုတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပညာတတ်မြောက်သူဦးရေ ပိုမိုများပြားသည်။ စာမတတ်သူဦးရေတွင် အမျိုးသမီးဦးရေ ပိုမိုများပြားပါသည်။

အမျိုးသမီးများသည် အမျိုးသားများနည်းတူ မိသားစုကိစ္စများ၊ လူမှုရေးကိစ္စများတွင် ပါဝင်ဆွေးနွေးဆုံးဖြတ်ကြသော်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေး အဖွဲ့အစည်းများအတွင်း အမျိုးသမီးများ ပါဝင်မှုနည်းပါးပါသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။** ။ စွပ္ပနူးကျေးရွာသည် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုတွင် အားနည်းသည်ဟု ယေဘုယျအားဖြင့် သုံးသပ်နိုင်ပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး၊ စာကြည့်တိုက်ကော်မတီစသည့်များသည် လုပ်ငန်းသဘောအရသာ ဖွဲ့စည်းထားသောအဖွဲ့များဖြစ်နေကြပါသည်။ အဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှုများ၊ ညှိနိုင်းဆောင်ရွက်ခြင်းများ အားနည်းပါသည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျေးရွာတွင် လယ် ၁၈၈၊ ဥယျာဉ်ခြံ ၁၁၉.၄၊ နှင့် ရော်ဘာ ၂၄.၅ ဧက ရှိပါသည်။ စိုက်ပျိုးရေး နှင့် တံငါလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြပြီး ရော်ဘာမျိုးကောင်း/သန့်အဖူးကူးမျိုးများကိုသာစိုက်ပျိုးထားပါသည်။ ဥယျာဉ်ခြံမြေ (၁၁၉)ဧကကျော်တွင် ကွမ်းနှင့်ရာသီသီးနှံ/ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြသော်လည်း အဓိကအားဖြင့် ကွမ်းကိုသာစိုက်ပျိုးကြပါသည်။ ရာသီသီးနှံများကို မိုးတွင်း၌သာ အဓိကထားစိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ရှိပါသည်။**

**ကွမ်းတွင် အဓိကအားဖြင့် မှည့်ပျောက်စွန်းရောဂါ နှင့် ရိုးမဲဆစ်ပြုတ်ရောဂါတို့ ကျရောက်ကြပါသည်။ ရောဂါကျရောက်ပါက ကွမ်းခင်းအားလုံး သေကြေပျက်ဆီးကြသဖြင့် ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ကြရ ပါသည်။ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေးများ စနစ်တကျမသုံးစွဲနိုင်ခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ ဆားငံရေဝင်ရောက်ခြင်းတို့ကြောင့် စိုက်ပျိုးမြေများ တဖြည်းဖြည်းလျော့နည်းလာသကဲ့သို့ မြေသား ဖွဲ့စည်းမှုလည်း ယိုယွင်းပျက်ဆီးလာပါသည်။**

**လက်တွန်းထွန်စက်(၁၀)စီးပိုင်ဆိုင်ထားပြီး မြေယာပြုပြင်ခြင်းအတွက် အသုံးပြုကြပါသည်။ အများစုသည် မြက်ရိတ်စက်နှင့် ရေစုတ်စက်များကို ပိုင်ဆိုင်ကြပါသည်။ တချို့က နာရီပိုင်းဖြင့် ငှားရမ်း**

**သုံးစွဲကြပါသည်။**

**ယခုအခါ ရော်ဘာဈေးနှုန်း ကျဆင်းလျှက် ရှိပါသည်။**

**စွပ္ပနူးကျေးရွာတွင် အများအားဖြင့် နွား၊ ကြက်၊ ဝက်၊ ဆိတ် စသည့် တိရိစ္ဆာန်များကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။** စာကျက်မြေပေါ်များခြင်း၊ ကျေးရွာရှိလယ်မြေများနှင့်အနီးနားရွာရှိလယ်မြေများ ထွန်ယက်စိုက်ပျိုးရာတွင် အသုံးပြုနိုင်ခြင်းနှင့် အသားရောင်းချရန်ဈေးကွက်ရှိခြင်းတို့ကြောင့် နွား၊ ဆိတ်၊ ဝက်မွေးမြူခြင်းလုပ်ငန်းသည် မိသားစုများအတွက် တွက်ခြေကိုက်သောလုပ်ငန်းဖြစ်ပါသည်။ ဝက်များတွင် ဝက်နားရွက်ပြာရောဂါကျရောက်ခြင်းကြောင့် ဝက်များသေကြေကြပါသည်။

**ကျေးရွာ၏အနောက်ဖက်တွင် စစ်တောင်းမြစ်တည်ရှိပြီး တံငါလုပ်ငန်းလုပ်ကိုင်စားသောက်သည့် အိမ်ထောင်စု(၆၉)စုရှိပါသည်။ အိမ်ထောင်စု(၆၉)စုတွင် အိမ်ထောင်စု(၂၅)စုမှ ငါးဖမ်းပိုက် (၁)ဖောင်စီ ပိုင်ဆိုင်ထားကြပြီး အိမ်ထောင်စု(၄၄)စုမှ ငါးဖမ်းပိုက်(၂)ဖောင်စီကို ပိုင်ဆိုင်ထားကြပါသည်။ ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြသောသူများမှာ ကိုယ်ပိုင်ငါးဖမ်းလှေများကိုသာ အသုံးပြုကြပါသည်။ လှေပိုင်ဆိုင်သော အိမ်ထောင် စုစုပေါင်း(၇၂)စုရှိပြီး လှေ(၇၂)စီးရှိပါသည်။ ထိုမြစ်မှရရှိသောသားငါး ရရှိမှုပေါ်တွင်အမှီပြု၍ မိသာစုစားဝတ်နေရေးဖြေရှင်းကြရပါသည်။**

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။** ။ ကျေးရွာရှိမိသားစုများသည် **သံသေတ္တာပြုလုပ်ခြင်း၊ ကွမ်းခြင်းယက်ခြင်း၊ လက်သမား/ပန်းရံလုပ်ခြင်း၊ စက်ချုပ်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ စက်ဘီး/ဆိုင်ကယ်ပြင်ခြင်း၊ လွှက်ရည်ဆိုင်၊ ကူးတို့နှင့်ဆိုင်ကယ်ကယ်ရီ ဆွဲခြင်း** လုပ်ငန်း များကို လုပ်ကိုင်ကြပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျေးရွာ၏အနောက်ဘက်တွင် စစ်တောင်းမြစ်တည်ရှိပြီး ရေလုပ်ငန်း လုပ်ဆောင်သူများသည် ထိုမြစ်မှရရှိသော သားငါးရရှိမှုပေါ်တွင်အမှီပြု၍ မိသာစုစားဝတ်နေရေး ဖြေရှင်းကြရပါသည်။ ထိုမြစ်မတိမ်ကောစေရန်နှင့် သားငါးရရှိမှုမလျော့နည်းစေရန်၊ သားစဉ်မြေးဆက်သုံးစွဲခွင့်ရရှိနိုင်ရန်မှာ ရေချို၊ ရေငံငါးသံယံဇာတ ထိန်းသိမ်းသည့်အလေ့ကျင့်နှင့်ဗဟုသုတများ၊ အစိုးရမူဝါဒလမ်းစဉ်များသိရှိရန် လိုအပ်ပါသည်။**

**စစ်တောင်းမြစ်အတွင်း ရေကြီးခြင်းနှင့်မြစ်ကမ်းပါးတိုက်စားခြင်းတို့မှာ နှစ်စဉ်နှစ်တိုင်း ဖြစ်လေ့ရှိသည်။ ကြိုတင်သတိပေးစနစ်များ၊ အရေးပေါ်အစီအစဉ်များ ဆောင်ရွက်ထားရှိခြင်းမရှိပေ။ အနိမ့်ပိုင်းအိမ်များမှာ အသက် အန္တရာယ် နှင့် ရင်ဆိုင်ရနိုင်ပါသည်။**

**(င) ဘဏ် နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ။ ချေးငွေဝန်ဆောင်မှုအနေဖြင့် ချေးငွေရရှိရန်**အစိုးရဌာနများရှိသော်လည်း ချိတ်ဆက်ဆောင်ရွက်မှု၊ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ တာဝန်ခံမှု၊ ပူးပေါင်းပါဝင်မှုအားနည်းခြင်းကြောင့် ချေးငွေရရှိရန် ခက်ခဲပါသည်။** ကျေးရွာအတွင်း ရွာသူရွာသားများသည် **အရင်းအနှီးပြုလုပ်ရန် ချေးငွေများအားအလွယ်တကူ ချေးယူရရှိနိုင်သော်လည်းအတိုးနှုန်းအလွန်မြင့်မားပါသည်။ စပါးစိုက်တောင်သူငယ်များနှင့် တောင်သူကြီးများအနေဖြင့် မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်တွင် တစ်နှစ်၆%အတိုးဖြင့် လယ်တစ်ဧကလျှင် (၁၀၀၀၀၀)ကျပ်နှုန်း၊အများဆုံး(၁၀)ဧကအတွက်ထုတ်ချေးပေးပါသည်။**

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ကျေးရွာ၏ပညာရေးကဏ္ဍတွင် မူလတန်းလွန်ကျောင်းတည်ရှိပြီး တပည့်၊ဆရာအချိုး (၂၂:၁)ဖြင့်** သင်ကြားလျှက်ရှိပါသည်။

ကျောင်းမှာ ကျောက်ရေကန် မူလတန်းလွန်ကျောင်းဖြစ်ပါသည်။ ကျောင်းဆောင်(၄)ဆောင် ရှိသော်လည်း ကျောင်းသားဦးရေ နှင့် ကျောင်းဆောင်မျှတခြင်းများ ကြုံတွေ့ရပါသည်။ ကျောင်းပရိဘောဂ လုံလောက်မှုမရှိသဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းကို ကျောင်းပရိဘောဂ(၁၀)စုံ အကူအညီတောင်းခံထားဆဲဖြစ်ပါသည်။ လက်ရှိတွင်(ပေ၉၀၊၃၀) ကျောင်းဆောင်တစ်ဆောင် လိုအပ် နေပါသည်။ မြို့နယ်ဖွံ့ဖြိုးရေးအထောက်ကူပြုအဖွဲ့မှ အလယ်တန်းကျောင်းခွဲတိုးချဲ့ရန် အကြံပြုထား သော်လည်း ရပ်ရွာမှကျောင်းဆောင်ဆောက်လုပ်ရန် ငွေကြေးမတတ်နိုင်သဖြင့် တိုးချဲ့နိုင်ခြင်း မရှိ သေးပါ။ မူလွန်အတန်းတွင်အစိုးရမှခန့်အပ်သော ကျောင်းဆရာ/မ (၂)ဦးသာရှိသဖြင့် ကျောင်းဆရာ /မ လုံလောက်မှုမရှိသည့်အတွက် ရပ်ရွာမှဆရာမ၂ဦးကို တစ်လလျှင် တစ်ဦး တစ်သိန်းကျပ်နှုန်းဖြင့် ငှားရမ်းထားပါသည်။ ပဥ္စမတန်းမှ သတ္တမတန်းထိ ကျောင်းသားပေါင်း(၁၀၀)ရှိရာ ကျောင်းသား တစ်ဦးလျှင် လစဉ်(၂၀၀၀)ကျပ်ကောက်ခံ၍ ရရှိသောငွေကို ဆရာမငှားရမ်းခအဖြစ် အသုံးပြု ပါသည်။ မူကြိုကျောင်းသား/သူပေါင်း(၃၈)ဦးရှိပါသည်။ မူကြိုဆရာမ(၂)ဦး ခန့်အပ်ပြီး မူကြိုဆရာမ လခအတွက် မူကြိုကျောင်းသား/သူတစ်ဦးလျှင် လစဉ် (၃၀၀၀)ကျပ် ကောက်ခံကြပါသည်။

ရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတည်ရှိပြီး သားဖွားဆရာမတစ်ဦးရှိပါသည်။ သို့ရာတွင် ရွာသူ/ ရွာသားအများစုသည် ဆေးပေးခန်းရှိသားဖွားဆရာမထက် မိမိတို့ ကျေးရွာသူဖြစ်သည့် ကျိုက္ကသာ ကျေးရွာတွင်တာဝန်ကျသည့် အထက်တန်းသူနာပြုဆရာမထံတွင်သာ ကလေးမီးဖွားခြင်း နှင့် သာမန်ရောဂါများကို ကုသလျှက်ရှိကြပါသည်။ ရွာသားအများစုသည် ကျိုက္ကသာကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနတွင်လည်းကောင်း၊ သိမ်ဇရပ်တိုက်နယ်ဆေးရုံနှင့် မုပ္ပလင်ဆေးခန်းများ တွင်လည်းကောင်း ပြင်းထန်သောရောဂါ နှင့် အရေးပေါ်ဖြစ်ပါက ပဲခူးမြို့ နှင့် ရန်ကုန်မြို့သို့ သွားရောက်ကုသကြရပါသည်။ မြန်မာနိုင်ငံ ဆရာဝန်များအသင်းသည် ၂၀၁၂ ခုနှစ် မှ ၂၀၁၄ ခုနှစ်အထိ ဖလတစ်ကြိမ် ကွင်းဆင်းပြီး လူနာများကို အခမဲ့ဆေးကုသပေးခဲ့ပါသည်။ ပဲခူးမြို့ (သို့) ရန်ကုန်မြို့သို့သွားရောက်ကုသပါက ပြည်ခိုင်ဖြိုးမှ ကားငှားရပါသည်။ တစ်ချို့သော ရွာသားများသည် မြန်မာနည်းဖြင့်သာ ကုသကြ ပါသည်။ ရွာတွင် တိုင်းရင်းဆေးဆရာ(၂)ဦးရှိပါသည်။ ရွာအနီးတွင် လိုအပ်သောဆေးများဝယ်ယူရန် ဆေးဆိုင်များ မရှိပါ။ သို့သော် ကုန်စုံဆိုင်များတွင် အကိုက်ခဲပျောက်ဆေး၊ လေဆေးစသည့် ဆေးအနည်းငယ် ရောင်းချမှုများသာရှိပါသည်။ ဆေးခန်းများတွင်လည်း ဆေးများကို အအေးခန်း ဖြင့် စနစ်တကျ သိုလှောင်ထားခြင်းမရှိပါ။

ရေတွင်း(၁၇၇)တွင်းရှိပြီး ရေရရှိမှုမှာ တစ်နှစ်ပတ်လည်လုံးရရှိသော်လည်း များသောအားဖြင့် ပက်လက်တွင်းများသာဖြစ်ကြပါသည်။ အများစုမှာ မိမိအိမ်ခြံဝန်းအတွင်း ရေတွင်းများတူးထား ကြပြီး စိုက်ပျိုးရေသွင်းမှုများလည်း ပြုလုပ်ကြပါသည်။ သို့သော် ယခင်နှစ် နွေကာလတွင် ရေတွင်းတဝက်လောက်မှာ ရေခမ်းမှုများနှင့်ကြုံတွေ့ရသဖြင့် ပြန်လည် တူးဖော်ခြင်း များ ပြုလုပ်ကြ ရပါသည်။ ရေတွင်းတူးဖော်ရာတွင် ကျောက်စက်မှဘက်ဖိုးများအားခေါ်ယူကြပြီး တစ်နာရီလျှင် (၂၀၀၀၀)ကျပ်ပေး၍ တူးဖော်ရပါသည်။

ကျေးရွာတွင် (၇၆) အိမ်ထောင်စုမှာ တောထိုင်ကြပြီး (၈)အိမ်ထောင်စုမှာ ကျင်းတက်အိမ်သာကို

**အသုံးပြုကြပါသည်။ ယင်းလုံအိမ်သာ (၁၉၅)လုံးသာရှိသော်လည်း ကျန် အိမ်ထောင်စု(၈၀)မှာ မိဘအိမ်၊ဆွေမျိုးအိမ်များနှင့်တွဲသုံးကြသည့်အတွက်**

**(ဆ) လူငယ် နှင့် ယဉ်ကျေးမှု။ ။** ကျေးရွာတွင် အပန်းဖြေနိုင်ရန်(၂)ကေခွဲအကျယ်ရှိသည့် ကျေးရွာပိုင်အားကစားကွင်း(၁)ကွင်း နှင့် ဘိလိယက်ခုံ (၁) ခုံရှိပါသည်။ ယင်းအားကစားကွင်းတွင် ကျေးရွာအုပ်စုအချင်းချင်း ဘောလုံးယှဉ်ပြိုင်မှုများရှိပါသည်။ လူငယ်အဖွဲ့သည် ကျေးရွာတွင်း လမ်းများမြေဖို့ရာတွင် လုပ်အားအနေဖြင့်ပါဝင်ကူညီဆောင်ရွက်ပေးခြင်း၊ အလှူမင်္ဂလာဆောင်များတွင် အမျိုးသားများသည် မဏ္ဍာပ်ထိုးခြင်း၊ အမျိုးသမီးများသည် ဖိတ်စာကမ်းပေးခြင်း၊ အလှူ ဧည့်ခံခြင်း၊ ပန်းကန်ဆေးခြင်း၊ ဆေးလိပ်ကမ်းပေးခြင်းတို့တွင် ပါဝင်ဆောင်ရွက် ပါသည်။

**(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)**

**စွပ်ပွန်းကျေးရွာသည် ဒေသအသီးသီးသို့ သွားလာဆက်သွယ်ရန် တစ်နှစ်ပတ်လုံး ကားလမ်း၊ ရထားလမ်း၊ ရေလမ်း တို့ဖြင့် အချိန်မရွေး လွယ်ကူစွာ သွားလာနိုင်ပါသည်။**

ကျေးရွာတွင်းတွင် အူရီဒူးအားအဓိကထားသုံးစွဲကြပြီး မြန်မာဆက်သွယ်ရေး နှင့် တယ်လီနော ဆင်းကတ်တို့အား အသုံးပြုကြပါသည်။ အူရီဒူးတာဝါတိုင်သည် ကျေးရွာတွင်းတွင် စိုက်ထူထားသည့်အတွက် ဆက်သွယ်ရေးအလွန်ကောင်းမွန်ပါသည်။ **ကျေးရွာတွင်းတွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းထားခြင်းမရှိပေ။ သို့သော် ကျိုက်ထိုမြို့နယ်၊ မီးသတ်ဦးစီးဌာနမှကျေးရွာတွင် ဖွဲ့စည်းထားရှိသော အရန်မီးသတ်တပ်ဖွဲ့အား မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်တို့နှင့် ပတ်သက်သည့် ကြိုတင်ကာကွယ်မှုသင်တန်းများအား(၅)နှစ်တစ်ကြိမ် ပို့ချပေးလျက်ရှိပါသည်။ ထို့ကြောင့် ကျေးရွာသူ/သားများအနေဖြင့် သဘာဝဘေးအန္တရာယ်များ မကျရောက်မီ နှင့် ကျရောက်ပြီးပါက ကြိုတင်ကာကွယ်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင်လက်လှမ်းမှီ မှုရှိပါသည်။**

ကျေးရွာတွင်းတွင် တယ်လီဖုန်းသုံးစွဲမှုသည် တစ်ဝက်ခန့်သာရှိပါသည်။ အင်တာနက် ဝန်ဆောင်မှုအနေဖြင့် Facebook သုံးစွဲသူ အနည်းငယ်သာရှိသော်လည်း လူငယ်များအနေဖြင့် အသိပညာ၊ ဗဟုသုတနှင့် သတင်းအချက်အလက်များရရှိရန် **ကောင်းမွန်စွာ အသုံးမချနိုင်ခြင်း၊ မီးမရရှိခြင်း၊ စာကြည့်တိုက်မရှိခြင်းတို့သည် လူငယ်များ သင်ယူ လေ့လာခွင့်များကို ဟန့်တားထားပါသည်။**

**ဆိုလာစနစ်အသုံးပြုမှုအား ကျေးရွာမိသားစုများ၏ ၂၆အိမ်ထောင်စုသာ အသုံးပြုပါသည်။ ၉၉ အိမ်ထောင်စုမှာ ကျေးရွာမှပုဂ္ဂလိကပိုင်ထူထောင်ထားသော မီးစက်မှ တစ်လအသုံးပြုခ မီးချောင်းတစ်ချောင်းလျှင် ၃၀၀၀ကျပ်၊ တီဗွီ နှင့် အောက်စက်သုံးစွဲပါက ၁၂၀၀၀/ကျပ်ဖြင့် အခကြေးငွေပေး၍ အသုံးပြုကြပါသည်။ ကျန်အိမ်ထောင်စုများသည် ဖယောင်းတိုင်များကို သုံးစွဲကြပါသည်။ ကျွနိုပ်တို့ ကျေးရွာရှိ ရွာသူရွာသားအများစုသည် ဖယောင်းတိုင်မီးကိုသာ အားထားနေကြရပါသည်။**

**(ဈ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျိုက္ကသာရဲစခန်းသည် ကျေးရွာနှင့် (၂) မိုင်ခွဲအကွာတွင်တည်ရှိသည့်အတွက် လုံခြုံရေးအခြေအနေ ကောင်းမွန်ပါသည်။ ကျေးရွာတွင်းတွင် မှုခင်းဖြစ်ပွားမှုကြီးကြီးမားမား မရှိသော်လည်း ငွေတိုး ချေးစားသူများမှ ရွာသူ/သားများအား ငွေတိုးချေးထားပြီး သတ်မှတ်ရက်များတွင် ပြန်လည် မပေးဆပ်နိုင်သဖြင့် အကြွေးရှင်နှင့် ငွေချေးသူ**

များကြားထဲတွင် ရံဖန်ရံခါတွင် အငြင်းပွားမှုနှင့် ခိုက်ရန် ဖြစ်ပွားမှုများ ရှိတတ်ပါသည်။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်**

ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက် လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာ ပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်း သို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်း လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလား အပ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံ ဖော်ဆောင်မည် စသည့်တို့ သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊**

ကျေးရွာသည် စစ်တောင်းမြစ်ကမ်းနံဘေး၊ မုတ္တမမြစ်ဝအနီးတွင်တည်ရှိပြီး ဇက်သင်္ဘောများ ဝင်ထွက်သွားလာနိုင်သည့် ရေဆိပ်ရှိခြင်းကြောင့် ပြည်တွင်း၊ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။
ကျိုက်ထီးရိုးဘုရားသို့ လာရောက်သည့်ဘုရားဖူးခရီးသည်များကြောင့် ဟော်တယ် နှင့် ခရီးသွား လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြပါသည်။
ကျေးရွာတွင် အလုပ်လုပ်နိုင်သူ လူဦး ရေ ၅၉%ရှိပါသည်။ ဘွဲ့ရပညာတတ်(၁၄)ဦး နှင့် အခြေခံပညာတတ်ကျွမ်းသူ လူငယ်များ ရှိပါသည်။
ကျေးရွာ၏ ရေမြေရာသီဥတုသည် ရော်ဘာပင်စိုက်ပျိုးရန် သင့်တော်ခြင်း၊ ရော်ဘာမျိုးကောင်း မျိုးသန့် များကို အလွယ်တကူဝယ်ယူစိုက်ပျိုးနိုင်ခြင်း၊ ထွက်ရှိလာသောရော်ဘာစေးများကို ရောင်းချ နိုင်သော ဈေးကွက်ရှိခြင်း၊ ရော်ဘာစိုက်ပျိုးရန် နည်းပညာနှင့်ချေးငွေလိုအပ်ချက်များကို ကူညီပံ့ပိုး ပေးနိုင်သော ရော်ဘာကုန်ထုတ်သမအသင်း တည်ရှိပါသည်။
ရာသီသီးနှံပင်များကို စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ နှင့် စိုက်ပျိုးရေးသွင်းအားစုများကို အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ ထွက်ရှိလာသောသီးနှံများအားရောင်းချရန် ဈေးကွက်ရှိပါသည်။
ကျေးရွာတွင် စပါးအပြီး နှစ်သီးစိုက်ပျိုးနိုင်သည်။
ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ကျေးရွာသူရွာသားများ၏ မိမိတတ်နိုင်သည့်ဘက်မှ ပူးပေါင်း ပါဝင်ခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းတစ်ခု ဖြစ်ပါသည်။

**(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာအားတာဝန်ယူဆောင်ရွက်နေသော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၏ ကျေးရွာသူ/ ရွာသားများ အပေါ် တာဝန်ခံလိုစိတ်၊ တာဝန်ယူလိုစိတ် မရှိကြပါ။
စွပ္ပနူးကျေးရွာရှိ အဖွဲ့အစည်းများသည် ပြင်ပ အဖွဲ့အစည်းများနှင့်ဆက်သွယ်ရန် အလေ့အထ နည်းပါးခြင်း၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၏ စွမ်းဆောင်ရည် အားနည်းခြင်း၊ မြို့နယ်အဆင့်တွင်

ကျေးရွာ အဆင့်အဖွဲ့အစည်းများ ခိုင်မာတောင့်တင်းရေးအတွက် ဆောင်ရွက်မည့်စနစ် နှင့် စွမ်းရည်များ မရှိကြပါ။

လယ်ယာလုပ်ငန်းနှင့် ဒေသတွင်းလုပ်ငန်းများမှ ရရှိသောဝင်ငွေသည် တဖက်နိုင်ငံသို့ သွားရောက်လုပ်ကိုင်ခြင်းဖြင့် ရရှိသောဝင်ငွေနှင့် ကွာခြားသောကြောင့် လူငယ်များသည် နည်းလမ်းမျိုးစုံဖြင့် သွားရောက်နေကြသဖြင့် ဒေသတွင်းလုပ်သားရှားပါးခြင်းတို့ ဖြစ်ပေါ်နေပါသည်။

ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ နှစ်စဉ် တိုးမြှင့်လာသော်လည်း အရည်အသွေးမှီသော ဝန်ဆောင်မှုများပေးနိုင်သော လူငယ်လူရွယ်များရှားပါးနေပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော ထွက်ကုန်များသည် ထုတ်လုပ်မှုဆိုင်ရာ နည်းပညာဖွံ့ဖြိုးမှု အားနည်းခြင်းကြောင့် အရည်အသွေးမပြည့်မှီခြင်း၊ ဈေးနှိမ်ခံရခြင်း၊ မျိုးသန့်ဈေးနှုန်းမြင့်မားခြင်း၊ နည်းပညာဝန်ဆောင်မှုများထိရောက်စွာ မရရှိနိုင်ခြင်းတို့ကြောင့် ဝင်ငွေရရှိမှု နည်းပါးကြပါသည်။

တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လိုသော်လည်း အရင်းအနှီးမရှိခြင်း၊ လုပ်ငန်းကျွမ်းကျင်မှု မရှိခြင်း၊ နည်းပညာလက်လှမ်းမမှီခြင်းတို့ နှင့် တွေ့ကြုံနေကြရပါသည်။

မူးယစ်ဆေးဝါးလွယ်ကူစွာဝယ်ယူရရှိနိုင်ခြင်းကြောင်.ဆေးစွဲမှုကိုကြီးထွားစေပါသည်

## (၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့ စွပွနူးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ကျေးရွာသူရွာသားများပူးပေါင်း၍ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းများဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင် ကျေးရွာ၏ရည်မှန်းချက်ပန်းတိုင်နှင့်ယင်းပန်းတိုင်ရောက်ရှိရေး အတွက် အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ထားခဲ့ကြပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထား၍ အသက်မွေးဝမ်းကြောင်းပြုသော ကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုး တိုးတက်ရန် ရည်ရွယ်၍ အောက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် ၃ ချက်ကို ရေးဆွဲထားပါသည်။

က) အရည်အသွေးမြင့်၊ စီးပွားရေးတွက်ခြေကိုက်သော စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေး နှင့် ငါးလုပ်ငန်းများ တိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့် **မိသားစုများ ဝင်ငွေတိုးလာစေရမည်။**

ခ) ယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းဝင် ဘုရားပုထိုးများဖြင့် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်၍ ခရီးသွားလုပ်ငန်းများကို ထူထောင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီး **စီးပွား ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေ တိုးမြင့်လာ ရမည်။**

ဂ) ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးများ စသည့် **လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရန်** တို့ ဖြစ်ပါသည်။

**(ခ) နည်းဗျူဟာ**

စွပ္ပနူးကျေးရွာအတွင်း ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့က သက်ဆိုင်ရာဦးစီးဌာနများဖြင့် သက်ဆိုင်ရာ ကဏ္ဍ အလိုက် ချိတ်ဆက်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီအနေဖြင့် ကျေးရွာအတွင်းရှိ သက်ဆိုင်ရာ ကျေးရွာသူ၊ ကျေးရွာသားများဖြင့် တွဲဖက်ကာ ဖွံ့ဖြိုးရေးစီမံကိန်းများကိုရေးဆွဲခြင်း၊ ကြီးကြပ် အကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုသို့ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို စာရင်းဇယားနှင့်တကွတင်ပြခြင်းစသည်ဖြင့် ပွင့်လင်းမြင်သာသော ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက်တိုးတက်လုပ်ကိုင်သွားရမည်ဖြစ်ပါသည်။ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည် ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် **အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက် များသော၊ အထွက်ကောင်းသည့် ရာသီသီးနှံများကို ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန် နှင့်** စိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှုနှင့် မျိုးကောင်းမျိုးသန့်များလွယ်ကူစွာ လက်လှမ်းမီရေး **အတွက် လိုအပ်သည်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများ၊ စိုက်ပျိုးရေး ကုမ္ပဏီများ နှင့် ချိတ်ဆက်လုပ်ဆောင်ရန် ဖြစ်ပါသည်။**

(၂) ရေရှည်တွင် သဘာဝအရင်းအမြစ်ဖြစ်သည့် ငါးများ မျိုးတုန်းပျောက်ကွယ်သွားမှု မရှိစေရန် **နှင့် သားငါးရရှိမှုမလျော့နည်းစေရန်၊ သားစဉ် မြေးဆက်သုံးစွဲခွင့်ရရှိနိုင်ရန်မှာ မြို့နယ်မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန (ငါးလုပ်ငန်းဦးစီးဌာန) နှင့် ချိတ်ဆက် ၍ ရေချို၊ ရေငံ၊ ငါးသယံဇာတထိန်းသိမ်းသည့်အလေ့ကျင့်နှင့်ဗဟုသုတ များ၊ အစိုးရမူဝါဒ လမ်းစဉ်များ သိရှိရန် ရေရှည်တည်တံ့ရေးအစီအစဉ်များကို အလေးထားဆောင်ရွက်သွားရန် ဖြစ်ပါသည်။**

(၃) ကျေးရွာရှိ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ကိုင်နေသောရွာသူရွာသားများ၏ ဝင်ငွေ တိုးတက်လာစေရန်အတွက် **အရည်အသွေးကောင်းပြီးရောဂါဒဏ်ခံနိုင်ရည်ရှိသည့်၊ဈေးကွက် ဝင်သည့် မျိုးကောင်းမျိုးသန့်တိရိစ္ဆာန်များမွေးမြူရန် နှင့် ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန် နှင့်** မွေးမြူရေးနည်းပညာဝန်ဆောင်မှုနှင့် မျိုးကောင်းမျိုးသန့်များလွယ်ကူစွာ လက်လှမ်းမီ ရေး**အတွက် လိုအပ်သည်များကို မြို့နယ်မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေး ကုမ္ပဏီများ နှင့် ချိတ်ဆက်လုပ်ဆောင်ရန် ဖြစ်ပါသည်။**

(၄) **မြို့နယ်စက်မှုသီးနှံဦးစီးဌာန၊ ကျိုက်ထိုမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းတို့နှင့် ချိတ်ဆက်၍ အရည်အသွေးမီသောရော်ဘာပြားများကို ထုတ်လုပ်ပေးနိုင်ရန် နှင့် ကောင်းမွန်သော ရော်ဘာဈေးကွက် လက်လှမ်းမီရန်အတွက် လိုအပ်သော သွင်းအားစုများ နှင့် နည်းပညာများစနစ်တကျ သုံးစွဲနိုင်ရေး လုပ်ဆောင်ရန် ဖြစ်ပါသည်။**

(၅) **သွင်းအားစုများအချိန်မီ အသုံးပြုနိုင်ရန် နှင့် အချိန်မီ စိုက်ပျိုးထွန်ယက်နိုင်ရန် နှင့် မွေးမြူရေလုပ်ငန်းများပိုမိုမွေးမြူနိုင်ရန်အတွက် လုံလောက်သော** ငွေကြေးဝန်ဆောင်မှုများသို့

လက်လှမ်းမီမှုတိုးတက်စေရန်အတွက် ချေးငွေ ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(၆) **ကျေးရွာအတွင်းရှိ လူငယ်များ၏** အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသထွက်ကုန်များအခြေခံသော ကုန်ချောထုတ်လုပ်မှုနှင့်ရောင်းဝယ်မှုများ၊ သဘာဝ ပတ်ဝန်းကျင်ကို မထိခိုက်စေသော စက်ရုံ၊ အလုပ်ရုံများ၊ ဟော်တယ်နှင့် ခရီး သွားလာရေး ကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်ကူပြုမည့် အခြေနေကောင်းများ နှင့် လူငယ်လူရွယ်များ အားစွမ်းရည်မြှင့် သင်တန်းများပေးနိုင်အောင် ဖန်တီးဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၇) ကျေးရွာသူသားများ ပြည့်စုံကောင်းမွန်သော သင်ကြားမှုဆိုင်ရာ ဝန်ဆောင်မှုများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမီရေး နှင့် ပညာရေး၊ ကျန်းမာရေး နှင့် သက်ဆိုင်သော အသိ၊ ဉာဏ်ပညာများ တိုးပွားရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး ၊ ကျေးရွာမီးလင်းရေးတို့အားသက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန် ဖြစ်ပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒ နှင့် လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည် စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အိမ်ထောင်စုတစ်ခုချင်း၏ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ချေးငွေသည် အရေးကြီး ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံတစ်ခုတည်းကိုသာ အဓိကထားရာမ ှဒေသအလိုက် စိုက်ပျိုးသောသီးနှံများအတွက်ပါ အဆင်ပြေသောအစီအစဉ်ဖြင့် ဆောင်ရွက်ပေး

နိုင်ရန် ချိတ်ဆက်ရပါမည်။ ထို့ပြင်ပုဂ္ဂလိက၊ ကဏ္ဍာမှငွေကြေးဆိုင်ရာအဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရန် ချိတ်ဆက်တင်ပြရပါမည်။

## (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ နှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းဖြစ်သည်။ သို့ဖြစ်၍ဈေးကွက်ဖော်ဆောင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် တင်ပြချိတ်ဆက်ရပါမည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ သင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များ အလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။

ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တနိုင်တပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။

## (ဃ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်ဆိုသည်မှာ ချမှတ်ထားသည့်ဗျူဟာကို လုပ်ငန်းအဖြစ် အောက်ခြေတွင် ဆောင်ရွက်သည့် အလုပ်ဖြစ်သည်။ စီမံကိန်းကာလ(၅)နှစ်တာအပြီးတွင် ချမှတ်ထားသည့်ပန်းတိုင် ရောက်ရှိရေး အတွက် စီမံချက်အသီးသီးတို့ကို အစီအစဉ်တကျ ချိတ်ဆက်ဆောင်ရွက်သွားရပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို

ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify–cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### (၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ – စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

### (၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

### (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

## (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ–

| စဉ် | ကဏ္ဍ/ အကြောင်း အရာ | စီမံချက် | ဦးစား ပေး ရမှတ် | ဦးစား ပေး အဆင့် | စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| ၁။ | **စီမံအုပ်ချုပ်မှုစနစ်** | • **ကျေးရွာအဖွဲ့ အစည်းများဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ခြင်း** | ၇၈ | ၂ | • ကျေးရွာဖွံ့ဖြိုးရေးကော် မတီဖွဲ့စည်း၍<br>➢ **အဖွဲ့စည်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးသဘောတရား သင်တန်းပို့ချ ပေးခြင်း၊**<br>➢ **ကျေးရွာစီမံချက်များ လက်တွေ့အကောင် ထည်ဖော်လေ့ကျင့်စေခြင်း** | |
| ၂။ | **စိုက်ပျိုးရေး ( စပါး၊ ကွမ်းပဲ၊)** | • သီးနှံအထွက်နှုန်းပိုမိုတိုးတက် ထုတ်လုပ်နိုင်စေရန် နည်းပညာ နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု များ လက်လှမ်းမှီရေး<br>• အရည်အသွေးမှီသည့်ထုတ်ကုန် များရရှိစေရန်ကြိတ်ခွဲမှု အဆင့် များကို မြှင့်တင်ပေး ခြင်း၊<br>• ရေင်တားတာများ တည်ဆောက်ခြင်း | ၇၃ | ၅ | • ဌာနဆိုင်ရာများ၊ ပုဂ္ဂလိ ကအဖွဲ့အစည်းများ နှင့် ချိတ်ဆက်၍<br>➢ အထွက်ကောင်းမျိုး များရရှိရန်အခွင့်အ လမ်းများဖန်တီးခြင်း<br>➢ ဘက်စုံပိုးမွှားရောဂါ ကာကွယ်ရေးအခြေခံ သဘောတရားကို မိတ်ဆက်ပေးခြင်း<br>• လယ်သမားများအား ကောင်းမွန်သော မျိုး ကောင်းမျိုးသန့်များ အသုံးပြုရန် နှင့် အသိ ပညာ မြှင့်တင် ရေးများဆောင်ရွက် ခြင်း။<br>➢ လယ်သမားအဖွဲ့ ဖွဲ့စည်းခြင်း၊<br>➢ နည်းပညာနှင့်စီမံခန့်ခွဲ မှုသင်တန်းများ ဖန်တီး ပေးခြင်း၊<br>• အစိုးရ နှင့် ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး တောင်သူများပူးပေါင်း ပါဝင်ဆောင်ရွက်သော စမ်းသပ်ကွက်များ ဆောင်ရွက်နိုင်ရန် တိုက်တွန်းအားပေးခြင်း<br>• လိုအပ်သောသွင်းအားစုများ အချိန်မှီ သုံးစွဲ နိုင်ရန် ချေးငွေရရှိနိုင် | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | သည့်နေရာများနှင့် ချိတ်ဆက်ခြင်း ( မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအဖွဲ့အစည်းများ၊ မြစိမ်းရောင်)<br>• ဆားငံရေဝင်ရောက်မှု ကာကွယ်သည့်နည်းလမ်းများ စူးစမ်းလေ့လာဖော် ထုတ်ခြင်း<br>• မြို့နယ်စီမံချက်ရေးဆွဲ ရေးအစီအစဉ်အောက်တွင်အရည်အသွေးကောင်း မျိုးစေ့များကို ရောင်းချသောကုမ္ပဏီ များကိုဖိတ်ကြားပြီး အရည်အသွေးကောင်း မွန်သောစပါးများ ထုတ်လုပ်/ရောင်းချ နိုင်စေရန် အားပေးမှု များပြုလုပ်ခြင်း<br>• အရည်အသွေးမှီသည့် ထုတ်ကုန်များရရှိစေ ရန်ကြိတ်ခွဲမှုအဆင့်များ ကို မြှင့်တင်ပေး ခြင်း၊<br>➢ ဆန်ကြိတ်ခွဲသူများ ဆန်စက်ပိုင်ရှင်များ အား အရည်အသွေး မြင့် ဆန်စက်နှင့် ထုတ်ပိုးမှုစက် များကို လက်လှမ်း မှီစေရန် နည်းပညာနှင့် ငွေကြေးများပံ့ပိုးပေး ခြင်း<br>➢ ထုပ်ပိုးမှုအရည်အသွေး မြှင့်တင်ခြင်းအားဖြင့် ပြည်တွင်း/ပဈေးကွက် များကိုတိုးတက်လာစေ ခြင်း၊ | |
| ၃။ | **စိုက်ပျိုးရေး ( ရော်ဘာ)** | • ရော်ဘာထုတ်လုပ်မှုတိုးတက်ရေး အတွက် နည်းပညာ နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ် း မှီရေး | ၇၅ | ၄ | • ဌာနဆိုင်ရာများ၊ ပုဂ္ဂလိ ကအဖွဲ့အစည်းများ နှင့် ချိတ်ဆက်၍<br>➢ အရည်အသွေးကောင်း မွန်သော အဖူးကူးရာ ဘာပျိုးပင် များစိုက် ပျိုးနိုင်အောင်ဖန်တီး ခြင်း<br>➢ အရည်အသွေးမြင့် ရော်ဘာ ပစ္စည်းများ ထုတ် လုပ်မှုဆိုင်ရာ နည်းပညာဖွံ့ဖြိုး အောင်ဖန်တီးခြင်း<br>➢ ရော်ဘာထုတ်လုပ်မှုလုပ်ငန်းအတွက် ဈေးငွေ ရရှိရန် ဖန်တီးခြင်း | |

| | | | | | | |
|---|---|---|---|---|---|---|
| ၄။ | **မွေးမြူရေး** | • အသေးစားနှင့် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်း များ တိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်းများ ဖန်တီးခြင်း | ၇၀ | ၆ | • ရောဂါကာကွယ်ကုသမှုအတွက်အစုအဖွဲ့ဖွဲ့၍ လုပ်ဆောင်ခြင်း၊<br>➢ မွေးမြူရေးအဖွဲ့ဖွဲ့စည်းခြင်း၊<br>➢ ရောဂါကာကွယ်ကုသ နည်းသင်တန်းပေးခြင်း<br>➢ ကာကွယ်ဆေးပုံမှန် ထိုးနှံခြင်း၊<br>• ဈေးငွေရရှိနိုင်သည့် နေရာများနှင့်ချိတ်ဆက်ခြင်း (သမဝါယမအဖွဲ့အစည်း၊ မြစိမ်းရောင် | **ကျေးလက်ဦးစီး** |
| ၅။ | **ငါးလုပ်ငန်း** | • သဘာဝငါးသံယံဇာတများရေရှည် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်း စောင့်ရှောက်ရေး | ၇၀ | ၅ | • ကျေးရွာလူထုအားအသိ ပညာတိုးမြှင့်စေခြီး၊<br>• မိုးဦးရာသီများတွင် ငါးရစ်၊ငါးသန်များကိုကာကွယ်စောင့်ရှောက်သောပညာပေးစကား ဝိုင်းများ အားအလေးထား ကျင်းပ ခြင်း၊<br>• ငါးလုပ်ငန်းဦးစီးဌာန၏ ဖွဲ့စည်းပုံအားမြှင့်တင် ပေးခြင်း၊<br>• ကမ်းပါးတစ်လျှောက်လမုပင်များပျိုးထောင်ပေး ခြင်း၊<br>• ငါးသံယံဇာတများ ထိန်း သိမ်းကာကွယ် စောင့် ရှောက်ရန် အတွက် စည်းရုံး လှုံ့ဆော် ခြင်း၊<br>• ကျောင်းနေအရွယ်က လေးများအား သဘာဝအရင်းမြစ်များကိုအသုံးချခြင်းနှင့်ပတ်သက်သောသတင်းအချက်အလက်များ၊ ဗဟုသုတများ သင်ကြားပေးခြင်းဖြင့်၎င်းတို့မှတစ်ဆင့်မိဘများထံသို့ရောက်ရှိစေခြင်း၊<br>• အသိပညာ၊ဗဟုသုတများပြန့်ပွားစေရန်အတွက် မူလတန်းပညာရေး သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲခြင်း<br>• ငါးဖမ်းခြင်းနှင့်ပတ်သက်သည့်ဥပဒေများ၊ စည်းမျဉ်း၊စည်းကမ်းများ ကိုပြဋ္ဌာန်းခြင်းနှင့်လိုက်နာ စေခြင်း၊<br>• ကမ်းပါးတိုက်စားခြင်း၊ ကမ်းပါးပြိုခြင်းတို့ကို ကာကွယ်ရန်နှင့် ငါးမျိုးများပွားများလာရန် အတွက် ပတ်ဝန်းကျင် ကောင်းဖန်တီးပေးရန် ကမ်းရိုးတမ်းတစ်လျှောက် သစ်တောများ ပျိုးထောင်ခြင်း၊ | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်း** | • ပြည်တွင်းပြည်ပဖြန့်ဖြူးနိုင် သောဒေသထွက်ကုန်များအခြေ ခံသော တန်ဘိုးမြှင့် ကုန်ချောထုတ် လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်း<br>• ဟော်တယ်နှင့် ခရီးသွားလာရေး ကဏ္ဍဖွံ့ဖြိုးလာအောင် ဆောင်ရွက် ခြင်း | ၆၁ | ၉ | • အခြေခံကျသော ရေရှည် စီမံကိန်းရေးဆွဲနည်းနှင့် ပတ်သက်သော စွမ်းရည် များ ဖွံ့ဖြိုးတိုးတက်လာ အောင်ပြုပေးခြင်း၊<br>➢လုပ်ငန်းစီမံခန့်ခွဲမှုသင် တန်းများပံ့ပိုးပေးခြင်း၊<br>➢ဈေးငွေရရှိနိုင်သောနေ ရာများနှင့်ချိတ်ဆက် ခြင်း<br>• ဒေသထွက်ကုန်များအခြေခံသောကုန်ချောထုတ်လုပ်မှုနှင့်ရောင်းဝယ်မှုများ၊ ဟော်တယ်နှင့် ခရီးသွားလာရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည့် အခြေနေကောင်းများ တိုးတက်အောင် ဆောင်ရွက်ပေးခြင်း။ | • |
| ၇။ | **ပညာရေး** | • ပညာတတ်မြောက်မှု အဆင့် တိုးတက်ရေး | ၈၃ | ၁ | • မိဘဆရာအသင်းအား စွမ်းဆောင်ရည် မြင့်တင် ပေးခြင်း<br>• သင့်တော်သည့် ကျောင်း မြေနေရာရှာဖွေရန် လိုအပ်ခြင်း<br>• ကျောင်းအသုံးဆောင် ပရိဘောဂများသက်ဆိုင် ရာဌာနများ သို့ တောင်းဆိုခြင်း<br>• ကျေးရွာတစ်ခုစီတွင် ၎င်းတို့၏ကိုယ်ပိုင်ကျောင်းများဖြစ်လာ အောင်ကျောင်းဆောင်သစ်များ ပံ့ပိုးပေးခြင်း | • |
| ၈။ | **ကျန်းမာရေး** | • ကျေးရွာသူရွာ သားများ၏ ကျန်းမာရေးအသိများတိုးတက် မြင့်မားလာရေး နှင့်ကျန်းမာရေး ပိုမိုကောင်း မွန်လာစေရေး | ၆၉ | ၇ | • သဘာဝဘေးအန္တရာယ်နှင့်အရေးပေါ် ကူးစက်ရောဂါပျံ့နှံ့ခြင်းများ အတွက် လိုအပ်သော ပြင်ဆင်မှုများနှင့် အသိပေးနှိုးဆော်မည့်တက်ကြွသည့်အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊<br>• မူလတန်းကျောင်းများတွင်ကျောင်း ကျန်းမာ ရေးအသိပညာပေး လုပ်ငန်း များ ထည့်သွင်း ရေးဆွဲခြင်း<br>• ကျန်းမာရေးအသိ ပညာပေးခြင်း<br>• လူမှုရေးရန်ပုံငွေနှင့် ကျန်းမာရေးအကျိုး တော်ဆောင်အဖွဲ့များ တည်ထောင်ခြင်း။ | • |

| | | | | | | |
|---|---|---|---|---|---|---|
| ၉။ | **ရေနှင့် သန့်ရှင်းရေး** | • ယင်လုံအိမ်သာများ စနစ် တကျ သုံးစွဲရေး: | | | • ကျန်းမာရေးအသိ ပညာပေးခြင်း<br>• မူလတန်းကျောင်းများတွင်ကျောင်း ကျန်းမာ ရေးအသိပညာပေး လုပ်ငန်း များ ထည့်သွင်း ရေးဆွဲခြင်း | • |
| ၁၀။ | **လူငယ်၊ ယဉ်ကျေးမှု နှင့် အားကစား** | • လူငယ်များ၏ စွမ်းဆောင်ရည် မြှင့်တင်ရန်ဆောင်ရွက်ခြင်း | ၆၄ | ၈ | • စာဖတ်ခြင်း၊စဉ်းစားတွေးခေါ်ခြင်းများ လုပ်ဆောင်နိုင်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊<br>• ဦးဆောင်ဦးရွက်ပြုနိုင် သောသင်တန်းများ ပေး ခြင်း၊<br>• လူငယ်များကို စုဝေး တိုင်ပင်ဆွေးနွေးခြင်း<br>• လူသိများသောစာရေးဆရာများ၏ စကား ဝိုင်းများနှင့် စာပေ ဟောပြောပွဲများအားအဖွဲ့လိုက် စုနားထောင်ခြင်းနှင့် စုဝေးတိုင်ပင်ခြင်းတို့လုပ်နိုင်အောင် စည်းရုံးလှုံ့ဆော်ခြင်း<br>• လူငယ်များအတွက် ပညာရေး၊ အားကစား စသော လူမှုရေးလုပ်ငန်း ကဏ္ဍများတွင် စိတ်ကူးအမြင်များမှတဆင့်လက်တွေ့ ဖြစ်လာအောင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ | • |
| ၁၁ | **လျှပ်စစ်** | • ကျေးရွာ မီးလင်းရေး | ၇၆ | ၃ | • ကျေးရွာမီးလင်းရေး ကော် မတီဖွဲ့စည်းရန်။<br>• ခန့်မှန်းကုန်ကျငွေ တွက် ချက်ခြင်း<br>• ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်ခြင်း | **ကျေးလက် ဦးစီး** |
| ၁၂ | **ကျေးရွာအဆောက်အဦး** | • ကျေးလက်လမ်း ပြုပြင်ခြင်း | ၇၈ | ၂ | • ကျေးလက်ဦးစီးနဌာန နှင့် ချိတ်ဆက်၍ကျေးလက်လမ်း ပြုပြင်ခြင်း။ | **ကျေးလက် ဦးစီး** |

## (ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ပညာတတ်မြောက်မှုအဆင့်တိုးတက်ရေး | ၁ | Â | Â | Â | Â | Â |
| ၂ | ကျေးလက်လမ်းပြုပြင်ခြင်း | ၂ | Â | | | | |
| ၃ | **ကျေးရွာအဖွဲ့ အစည်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း** | ၂ | Â | Â | Â | Â | Â |
| ၄ | ကျေးရွာ မီးလင်းရေး | ၃ | Â | | | | |
| ၅ | ရော်ဘာထုတ်လုပ်မှုတိုးတက်ရေးအတွက် နည်းပညာ နှင့် ငွေကြေး ဆိုင်ရာ ဝန်ဆောင်မှုများလက်လှမ်း မှီရေး | ၄ | Â | Â | Â | Â | Â |
| ၆ | သီးနှံအထွက်နှုန်းပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန် နည်းပညာ နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု များ လက်လှမ်းမှီရေး | ၅ | Â | | | | |
| | အရည်အသွေးမှီသည့်ထုတ်ကုန်များ ရရှိစေရန်ကြိတ်ခွဲမှု အဆင့် များကို မြှင့်တင်ပေး ခြင်း၊ | | Â | | | | |
| | ရေငံတားတာများ တည်ဆောက်ခြင်း | | | | | | Â |
| ၇ | သဘာဝငါးသံယံဇာတများရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေး | ၅ | Â | Â | Â | Â | Â |
| ၈ | အသေးစားနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း များ တိုးတက်လုပ်ကိုင်လာရန်အခြေအနေကောင်းများဖန်တီးခြင်း | ၆ | Â | Â | Â | Â | Â |
| ၉ | ကျေးရွာသူရွာသားများ၏ကျန်းမာရေးအသိများတိုးတ် မြင့်မားလာရေး နှင့် ကျန်းမာရေး ပိုမိုကောင်းမွန်လာစေရေး | ၇ | Â | Â | Â | Â | Â |
| ၁၀ | ယင်လုံအိမ်သာများစနစ်တကျသုံးစွဲ ရေး | | Â | Â | Â | Â | Â |
| ၁၁ | လူငယ်များ၏ စွမ်းဆောင်ရည် | ၈ | Â | Â | Â | Â | Â |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | မြှင့်တင်ရန်ဆောင်ရွက်ခြင်း | | | | | | |
| ၁၂ | ပြည်တွင်းပြည်ပဖြန့်ဖြူးနိုင် သောဒေသ ထွက်ကုန်များအခြေ ခံသော တန်ဘိုးမြှင့် ကုန်ချောထုတ်လုပ်ရောင်းဝယ်ခြင်း ဟော်တယ်နှင့် ခရီးသွားလာရေးကဏ္ဍ ဖွံ့ဖြိုးလာအောင် ဆောင်ရွက် ခြင်း | ၉ | | Â | Â | Â | Â |

## (၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ် ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

### စီမံချက် ဘတ်ဂျက်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမာန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံး စရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်း | စွမ်းဆောင် ရည်မြှင့်တင်ရေး | |
| ၁ | ပညာတတ်မြောက်မှုအဆင့်တိုးတက် ရေး | | | | | |
| ၂ | ကျေးလက်လမ်းပြုပြင်ခြင်း | | | | | |
| ၃ | **ကျေးရွာအဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း** | | | | | |
| ၄ | ကျေးရွာ မီးလင်းရေး | | | | | |
| ၅ | ရော်ဘာထုတ်လုပ်မှုတိုးတက်ရေးအတွက် နည်းပညာ နှင့် ငွေကြေး ဆိုင်ရာ ဝန်ဆောင်မှုများလက်လှမ်း မှီရေး | | | | | |
| ၆ | သီးနှံအထွက်နှုန်းပိုမိုတိုးတက်ထုတ်လုပ် နိုင်စေရန် နည်းပညာ နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု များ လက်လှမ်းမှီ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ရေး အရည်အသွေးမှီသည့်ထုတ်ကုန်များ ရရှိစေရန်ကြိတ်ခွဲမှုအဆင့်များကို မြှင့်တင်ပေး ခြင်း၊ ရေငံတားတာများတည်ဆောက် ခြင်း | | | | | |
| ၇ | သဘာဝငါးသံယံဇာတများရေရှည် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်း စောင့်ရှောက်ရေး | | | | | |
| ၈ | အသေးစားနှင့် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများ တိုးတက်လုပ်ကိုင်လာရန်အခြေအနေကောင်းများဖန်တီးခြင်း | | | | | |
| ၉ | ကျေးရွာသူရွာသားများ၏ကျန်းမာရေး အသိများတိုးတ်မြင့်မားလာရေး နှင့် ကျန်းမာရေး ပိုမိုကောင်းမွန်လာစေရေး | | | | | |
| ၁၀ | ယင်လုံအိမ်သာများစနစ်တကျသုံးစွဲ ရေး | | | | | |
| ၁၁ | လူငယ်များ၏စွမ်းဆောင်ရည်မြှင့်တင်ရန်ဆောင်ရွက် ခြင်း | | | | | |
| ၁၂ | ပြည်တွင်းပြည်ပဖြန့်ဖြူးနိုင်သောဒေသ ထွက်ကုန်များ အခြေ ခံသော တန်ဘိုးရှိ ကုန်ချောထုတ်လုပ်၊ရောင်းဝယ်ခြင်းဟော်တယ်နှင့် ခရီးသွား လာရေးကဏ္ဍ ဖွံ့ဖြိုးလာအောင် ဆောင်ရွက် ခြင်း | | | | | |

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များ ကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန် သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန် ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

စွပ္ပနူးကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက် ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက်လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များ သည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေး တွေ့ရှိမှု

အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊

• ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ – မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## အခန်း (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### ၁.၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

**ဇယား ( ၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | ကျား | မ | စုစု ပေါင်း | စုစုပေါင်း ၏% | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၁၄ | ၂၀ | ၃၄ | ၂ | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၈၂ | ၉၅ | ၁၇၇ | ၁၀ | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၁၁၅ | ၈၅ | ၂၀၀ | ၁၂ | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၉၂ | ၁၀၇ | ၁၉၉ | ၁၂ | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၄၇၁ | ၅၂၃ | ၉၉၄ | ၅၉ | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၄၉ | ၃၅ | ၈၄ | ၅ | သက်ကြီးရွယ်ကြီး |
| စုစုပေါင်း | ၈၂၃ | ၈၆၅ | ၁၆၈၈ | ၁၀၀ | |
| စုစုပေါင်း အိမ်ထောင်စု | | | ၃၅၉ | | |
| ပျမ်းမျှ အိမ်ထောင်စု အရွယ်အစား | | | ၄.၅ | | |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁-၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အမျိုးသမီးများမှာ အိမ်မှုကိစ္စများတွင်သာ ကုန်ဆုံးနေခြင်း မဟုတ်ဘဲ ထင်းခုတ်၊ ကွမ်းခူးစသည့်မိမိတို့တတ်နိုင်သော လုပ်ငန်းများတွင် နေ့စားဝင်ရောက်လုပ်ကိုင်ကြပါသည်။ မှီခိုသူ ဦးရေ ၄၁%ရှိပြီး ပျမ်းမျှ တစ်အိမ်ထောင်လျှင် လူဦးရေ(၄-၅) ဦး ရှိပါသည်။**

### ၁.၂ အလုပ်လုပ်နိုင်သူ အင်အား

**ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | | |
| ၁ | *စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၃ | ၁၈.၁ | ၆၁ | လယ် ၃၀၊ ကွမ်းခြံ ၃၂၊ ရော်ဘာ ၁ အိမ်ထောင်စု |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၂ | *တိရစ္ဆာန် မွေးမြူရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၀.၆ | ၂၇ | ဆိတ်မွေးမြူသူ -၂၊ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၃ | *ငါးဖမ်း လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၉ | ၁၆.၉ | ၅ | ငါးမွေးမြူရေး ၅၉ အိမ်ထောင်စု |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၄ | *သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂၅ | ထင်းခုတ်ရောင်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | **၂** | **၀.၆** | ၁ | သစ်စက် ၁ နှင့် သံသေတ္တာ-၁ အိမ်သည် အဓိကလုပ်ငန်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၃ | | ဝန်ထမ်း - ၁ |
| | မိသားစုဝင် လုပ်အား | | | | |
| ၆ | *လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | အင်ဂျင်မော်တာဖြင့် မီးပေးဝေခြင်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၇ | *ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၀.၆ | ၅ | လက်သမား/ပန်းရံ(၂)အိမ်ထောင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | | |
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၆ | ဆိုင်ကယ်၊ စက်ဘီးပြင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၄ | စက်ချုပ်(၂)၊ ဆံပင်ညှပ်(၂) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၃ | ၆.၆ | ၂ | သစ်ဝယ်ရောင်း-၁၊ ကုန်စုံဆိုင် (၁၄)၊ ခေါင်းရွက်ဗျက်ထိုး(၈)ဦး၊ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၄ | လ္ဘက်ရည်ဆိုင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၀.၆ | ၃၂ | ကူးတို့ ၂၊ ဆိုင်ကယ်ကယ်ရီ (၃၂) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် **ဘေးကင်းလုံခြုံရေး**) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | ၁ | စက်မှုလယ်ယာ |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၆ | *ပညာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၃ | | ကျောင်းဆရာမ |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၇ | *ကျန်းမာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၈ | *လူမှုရေး လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၉ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | **၁၉၃** | **၅၅.၄** | | ကျပန်းလုပ်သား |
| | မိသားစုဝင် လုပ်အား | | | | |
| ၂၀ | ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| | **စုစုပေါင်း** | ၃၄၈ | ၁၀၀ | ၁၇၄ | |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁-၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းသည် ကျပန်းလုပ်ငန်း လုပ်ကိုင်ကြပါသည်။ ကျေးရွာ၏၏ ၅၅.၄%သည် ကျပန်းလုပ်ငန်း၊ ၁၈.၁%သည် စိုက်ပျိုးရေး လုပ်ငန်း၊ ၁၆.၉%သည် ငါးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ ကျေးရွာရှိ အိမ်ခြေ (၁၁)အိမ်ထောင်စုသည် ဆွေမျိုးများ၊ မိသားစုများ၏ ထောက်ပံ့မှုဖြင့် စားသောက်ကြပါသည်။**

## ၁.၃ သဘာဝ အရင်းအမြစ်များ

### ၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/ အနည်းအကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၈၈ | သင့် | - | - |
| ရော်ဘာ | ၂၄.၅ | ကောင်း | - | - |
| ဥယျာဉ်ခြံမြေ | ၁၁၉.၄ | သင့် | - | တွင်းရေ |
| စုစုပေါင်း | ၃၃၁.၉ | | | |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁-၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)**

**မှတ်ချက်။ ။ရေရှိသည့်နေရာအမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ**

**လေ့လာတွေ့ရှိချက်။ ။**

### ၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

**ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | – | – |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့် | – | – |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | များ | လွယ် |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | ခက် |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရၡရှိသော သတင်းအချက်အလက်များ ( ၂၁–၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)**

**လေ့လာတွေ့ရှိချက်။ ။** ……………………………………………………………………..

## ၁.၄ ဥစ္စာဓနေ အဆင့် အခြေအနေ

**ဇယား (၅) ဥစ္စာဓနေ အဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | လယ်/ခြံ ၁၀ဧက အထက် ပိုင်ဆိုင်သူ | လယ်/ ခြံ ၃ မှ ၁၀ဧက ကြားပိုင်ဆိုင်သူ | လယ်/ခြံ ၁ မှ ၃ဧက ကြားပိုင်ဆိုင်သူ | လယ်/ခြံ ၁ဧကအောက်ပိုင်ဆိုင်သူ |
| အိမ်အခြေအနေ | သွပ်မိုး၊ တိုက်ခံ၊ ပျဉ်ထောင်၊ ပျဉ်ခင်း | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း | တောင်ထန်းမိုး၊ ထရံကာ၊ ပျဉ်ခင်း၊ တောတိုင် | တောင်ထန်းမိုး၊ ထရံကာ၊ ဝါးခင်း၊ ဝါးတိုင်(သို့) မျောတိုင် |
| လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု | ကျွဲ/နွား ၅ကောင် အထက်၊ လယ်ထွန် စက်၊ ကွန်ဒေါင်း၊လှည်း၊ စက်လှေ၂စီး | ကျွဲ/နွား ၂မှ၅ကောင်၊ ရေစုပ်စက်၊ စက်လှေ ၁စီး | ကယ်ရီဆွဲသောဆိုင်ကယ် (၃သိန်းတန်)၊ ပိုက်၊ ပျွန်ဒါနှင့်တွဲသောလှေ | ပေါက်တူး၊ ဓါး |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | တီဗွီ၊ စလောင်း၊ ၁သိန်းကျော်တန် ဖုန်း၊ဆိုလာ၊ မီးစက်၊ဆိုင်ကယ် | တီဗွီ၊ စလောင်း၊ ဆိုင်ကယ် ( ၅မှ၁၀) သိန်း၊ ဆိုလာ၊ ဖုန်း | တီဗွီအသေး၊ ဖုန်း၊ စက်ဘီး | စက်ဘီး၊ ဖုန်း |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| | (၁၀သိန်းတန်) | | | |
| အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ | လယ်/ခြံ | လယ်/ခြံ | ခြံ၊ ဈေးရောင်း၊ ရေလုပ်ငန်း | ကျပန်း |
| အခြားပိုင်ဆိုင်မှု | ဆန်စက်၊ ဖောကား | သုံးဘီးဆိုင်ကယ် | – | – |
| | ၃ဦး (၁%) | ၁၈ဦး (၅%) | ၁၆၁ဦး (၄၅%) | ၁၇၇ဦး (၄၉%) |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁–၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်)** (**၂၀၁၅ တစ်အိမ်တက်ဆင်း**)

**လေ့လာတွေ့ရှိချက်။** ။ ………………………………………………………………………

## ၁.၅ ထိခိုက်လွယ်မှု

### ၁.၅.၁ ဝမ်းစာ ဖူလုံမှု

**ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၂၄၆ | ၇၃% | သီးနှံကြိုရောင်း၊ အကြွေး |
| ၃ လနှင့် ၅ လအထိ | ၁၈ | ၅% | ဆွေမျိုးများပံ့ပိုးမှု |
| ၆လမှ၁၂လအထိ | ၇၄ | ၂၂% | |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁–၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်)** (**၂၀၁၅ တစ်အိမ်တက်ဆင်း**)

**လေ့လာတွေ့ရှိချက်။** ။ ……………………………………………………………………..

### ၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

**ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၃ | ၁ | ၄ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ | | | |
| | | အိမ်ထောင်စု | | |

| | | အရေအတွက် |
|---|---|---|
| အမျိုးသမီးဦးဆောင်<br>သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | ၉ |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | – |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရေ<br>ာက် နေထိုင်လုပ်ကိုင်နေသူ | ၁ |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁–၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)**

**လေ့လာတွေ့ရှိချက်။ ။ ၆၀နှစ်နှင့်အထက် သက်ကြီးရွယ်အို(၄၄)ဦးရှိသည့်အနက် (၁၀)ဦးမှာ ဆင်းရဲပြီး မိသားစုစောင့်ရှောက်မှုနှင့်ဝေးသောသူများဖြစ်ပါသည်။ အချို့သက်ကြီးရွယ်အိုများမှာ အနီးနားတွင် မိသားစုများရှိသော်လည်း ၎င်းတို့မိသားစုကိုယ်တိုင် ကလေးများခြင်း၊ စီးပွားရေး အဆင်မပြေကြခြင်းတို့ကြောင့် အပြည့်အဝစောင့်ရှောက်မှု မခံကြရခြင်းများလည်းရှိပါသည်။ အဖိုး အဖွား(၄)ဦးသည် မိသားစုများ၏စောင့်ရှောက်မှုမရှိဘဲ နွားချေးကောက်ခြင်း၊ အခြားအိမ်များတွင် တောင်းစားခြင်းတို့ ဖြင့်အသက်ရှင်ရပ်တည်နေကြပါသည်။ ကျေးရွာအဖွဲ့အစည်းများမှ ထောက်ပံ့ ကူညီစောင့်ရှောက်ခြင်းမရှိပါ။ အနီးနားအိမ်များမှအိမ်မိုးခြင်း၊ အခင်းပြန်လည်ပြုပြင်ပေးခြင်းစသည့် လိုအပ်သော ကိစ္စများအား အနည်းငယ်ကူညီပေးကြပါသည်။**

ကျေးရွာတွင် **အိမ်ထောင်စု (၃၅၉) စုရှိသည့် အနက် အိမ်ထောင်စု (၂၁)စု မှ (၂၈)ဦးသည် ထိုင်း နိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။**

## ၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် | မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများ ကြုံတွေ့နိုင် |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ..) | မြင့် | နှစ်စဉ်အိမ်ထောင်စုဦးရေ တိုးလာ၍ စိုက်ပျိုးမြေ သည် ထပ်မံတိုးချဲ့၍မရဘဲ လျော့ကျလာပါသည်။ |
| ၃ | ရေကြီးခြင်း | မြင့် | မိုးတွင်းကာလများတွင် မြစ်ရေကြီးခြင်း များနှစ်စဉ်ဖြစ်ပေါ်၊ အနိမ့်ပိုင်းနေသူများ ကြုံတွေ့ရနိုင်။ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | တခါတရံမှသာကြုံတွေ့နိုင် |
| ၅ | မုန်တိုင်း | နိမ့် | တခါတရံအဖျားခတ်တိုက်ခတ်မှုများရှိ သော်လည်း ပျက်စီးဆုံးရှုံးမှုများ အနည်း ငယ်သာရှိပါသည်။ ကွမ်းခြံပြိုခြင်း များ |

| | | | |
|---|---|---|---|
| | | | ကြုံတွေ့ရ ပါသည်။ |
| ၆ | လျောင် | နိမ့် | ဆုံးရှုံးမှုများမခန့်မှန်းနိုင်၊ ကြိုတင်ကာကွယ်ထားမှုမရှိ |
| ၇ | မီးဘေး | လတ် | ရော်ဘာခြံများတွင်မီးတားလမ်းများပြုလုပ်ပြင်း၊နွေရာသီတွင်မီးချိတ်၊ မီးကတ် များ ဆောင်ထားလေ့ရှိ၊ အိမ်ခြံဝင်းများ ကျဉ်းပြီး အိမ်ချင်းနီးကပ်သဖြင့်နွေရာသီတွင်ကြုံတွေ့ရနိုင်ချေများသည်။ |
| ၈ | ဆားငံရေဝင်မြေ | မြင့် | နှစ်စဉ်ဆားငံရေများဝင်ရောက်မှုရှိပြီး လယ်မြေများမြေဆီသြဇာပျက်စီးမှုရှိ |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် | နှစ်စဉ် လယ်၁၀ဧကကျော် ကမ်းပါးပြိုမှုတွင်ပါဝင်၊ ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေးများအနည်းငယ်အသုံးပြု ခြင်း၊ နှစ်စဉ် ဆားငံရေ ဝင်ရောက်ခြင်း |
| ၁၀ | သစ်တောပြုန်းတီးခြင်း | မြင့် | ထင်းခုတ်ခြင်း။ |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | ငှက်ဖျားဖြစ်ပွားမှုဧရိယာမဟုတ်သောကြောင့် ဖြစ်နိုင်ချေနည်း၊ ဖြစ်ပေါ်လာပါက ထိရောက်သော ဆေးကုသမှုများခံယူ |
| ၁၂ | တီဘီရောဂါ | နိမ့် | အခြေခံဗဟုသုတရှိသောကြောင့် ကြိုတင်ကာကွယ် နိုင်ပြီး ကူးစက်ခံရပါက ထိရောက်စွာ ဆေးကုသမှုခံယူ |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | အခြားဒေသများသို့ သွားရောက်လုပ်ကိုင်နေသောလူငယ်အချို့သာ ကူးစက်ခံရနိုင်မှုရှိပြီး ၎င်းတို့မှာလည်းအခြေခံကျန်းမာရေးဗဟုသုတရှိသူများဖြစ်ပြီး ကြိုတင်ကာကွယ်သောနည်းလမ်းများကောင်းစွာသိရှိခြင်း |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းခံရသူများ | | |
| ၁၅ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည် | လတ် | အဝေးပြေးကားလမ်းမနှင့် ၃.၂ ကီလိုမီတာကွာဝေး ပြီး လမ်းသည် မြေသားလမ်းဖြစ်နေခြင်း |
| ၁၇ | အခြား | နိမ့် | |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁-၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)**

**လေ့လာတွေ့ရှိချက်။ ။ ဆင်းရဲသောမိသားစုအများစုသည် မြေယာ၊ ရေအရင်းအမြစ် နှင့် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ရန်အတွက် အခက်အခဲများကြောင့် စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်လာလျှင် ရပ်တည်ရန် စွမ်းဆောင်နိုင်စွမ်းမရှိသဖြင့် ထိခိုက်လွယ်သူများ ဖြစ်ကြသည်။**

### ၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

**ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု**

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | အခြားဒေသများသို့သွားရောက်၍ အလုပ် လုပ် သောကြောင့် အရက် နှင့် မူးယစ် ဆေးဝါး သုံးစွဲမှုများရှိနိုင်၊ ကူးစက်ရောဂါ ရရှိမှုများရှိနိုင်။ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် | စားနပ်ရိက္ခာမဖူလုံမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှု မလုံလောက် ခြင်းတို့နှင့် ကြုံတွေ့ရနိုင်။ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့် | သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ ချိန်၊ သီးနှံများဖျက်ပိုးရောဂါများ ကျရောက်ခြင်း၊ ဈေး ကွက်မတည်ငြိမ်မှု များဖြစ်ပေါ် ခြင်းနှင့် ကြုံတွေ့ရနိုင်။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော၊ ကူးစက် ရောဂါထူပြောသောဒေသတွင်နေ ထိုင်သူများ | မြင့် | ဒီရေအတက်အကျရှိခြင်း၊ပင်လယ်ဆား ငံ ရေ ဝင်ရောက်ခြင်း၊ စစ်တောင်းမြစ် ရေကြီးခြင်း၊ ကမ်းပါး ပြိုခြင်း |
| ၅ | မြစ်ကမ်းဘေးနေလူထု | မြင့်မား | မြစ်ရေကြီးချိန်တွင်ဆုံးရှုံးမှုများ နှင့် ကြုံတွေ့ရနိုင် |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများ သောနေရာ တွင်နေထိုင်သူများ (Prone to accident) | မြင့်မား | ငါးဖမ်းလှေထွက်ချိန် မုန်တိုင်း/ မြစ်ရေ ကြီး ခြင်းများ နှင့်ကြုံတွေ့ နိုင်၊ မိုးလေ ဝသသတင်းများ နား ထောင်တတ် သည့်အလေ့အကျင့်ရှိ။ ခရီးလမ်းဝေး ခြင်းနှင့် လမ်းကြမ်းခြင်းတို့ ကြောင့် accident များနှင့်ကြုံတွေ့နိုင်။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်း ခံရသူများ(IDP) | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့်မား | နှစ်စဉ်မြစ်ရေကြီးချိန်တွင် ဆုံးရှုံးမှုမှု များ နှင့် ကြုံတွေ့နိုင် |
| ၉ | ငါးကန်ပိုင်ရှင် | | |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့်မား | စားနပ်ရိက္ခာမဖူလုံမှုနှင့် ကြုံတွေ့ရနိုင် |
| ၁၁ | လူနည်းစု လူမျိုးများ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာ | | |
| ၁၃ | နယ်စပ်ဒေသ | | |
| ၁၄ | ရွှေတွင်းလုပ်သား | | |
| ၁၅ | ဆေးစွဲသူများ | | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူမ ျား | နည်းပါး | လူငယ်အနည်းစုသာ အခြားဒေသသို့သွားရောက်မှုရှိ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့်မား | နေ့စဉ်စစ်တောင်းမြစ်ကို ဖြတ်၍ အခြားတဖက်ကမ်းသို့ ကူးရခြင်းကြောင့် ထိခိုက် လွယ်မှု မြင့်မားပါသည်။ |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | အသင့်အတင့်ရှိ | မူးယစ်ဆေးသုံးစွဲနိုင်ခြင်းနှင့် ကူးစက်ရောဂါခံရနိုင်မှုများခြင်း။ အခြားနိုင်ငံများတွင် တရားမဝင် ရောက်ရှိလုပ်ကိုင်နေကြသဖြင့် လုပ်အားခ များ ခေါင်းပုံဖြတ်ခံရ ခြင်း။ |
| ၁၉ | ကားသမား | | |
| ၂၀ | အခြား | | |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၂၁-၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)**

## အခန်း (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### ၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### ၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

**ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | က | မ | ပ | | | |
| ၁ | စာကြည့်တိုက်ကော်မတီ | ၂ | ၇ | ၀ | ၇ | ပညာရေး ကဏ္ဍ | ၄ | ၈ |
| ၂ | ဖွံ့ဖြိုးရေးအထောက်ကူ ပြုကော်မတီ | ၂ | ၅ | ၀ | ၅ | ကျေးရွာ ဖွံ့ဖြိုးရေး | ၄ | ၈ |
| ၃ | မြေယာကော်မတီ | ၁ | ၅ | ၀ | ၅ | မြေယာ ကဏ္ဍ | ၅ | ၇ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄ | မိဘဆရာအသင်း | ၂ | ၈ | ၄ | ၁၂ | ပညာရေး ကဏ္ဍ | ၅ | ၇ |
| ၅ | ကျောင်းပြုပြင်ထိန်းသိမ်းရေးကော်မတီ | ၂ | ၄ | ၁ | ၅ | ပညာရေး ကဏ္ဍ | ၄ | ၇ |
| ၆ | ရေလုပ်သားအဖွဲ့ | ၂ | ၆၈ | ၀ | ၆၈ | ချေးငွေ | ၅ | ၈ |
| ၇ | အမျိုးသမီး/သားအဖွဲ့ | ၂ | ၄၃ | ၄၇ | ၉၀ | လူမှုရေး ကဏ္ဍ | ၄ | ၆ |
| ၈ | ရေဘေးကယ်ဆယ်ရေး | ၂ | ၈ | ၀ | ၈ | ကျေးရွာသဘာဝဘေး အန္တရာယ် | ၅ | ၈ |
| ၉ | မိခင်နှင့် ကလေး | ၃ | ၀ | ၆ | ၆ | ကျန်းမာရေး | ၅ | ၈ |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁–၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)**

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ – ဥပမာ– အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

## ၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Nippon Foundat ion Clinic နိပွန် ဖောင်ဒေးရှင်နယ်လှည့် ဆေးကုသရေး အသင်း | ၂ | မစ်ဆူဘီရှိ ကုမ္ပဏီ၏ ရန်ပုံငွေပံ့ပိုးမှု ဖြင့် ပုဂ္ဂလိကကဏ္ဍ၏ လူမှုရေးတာဝန် ဝတ္တရားများကို လုပ်ဆောင် ခဲ့ပါသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ၃လတစ်ကြိမ် ကျန်း မာရေးပညာ ပေးခြင်း၊ အခမဲ့ ဆေးကုသ ပေးခြင်း များကို ဆောင်ရွက်ခဲ့ပါသည်။ |
| ၂ | NRC ( Norwarian Refugee Council) | ၅ | ၂၀၁၄ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၅ခုနှစ်တွင် တစ်ကြိမ် ကျေးရွာရှိ မှတ်ပုံတင် မရှိသူများအား မှတ်ပုံတင် ပြုလုပ်ပေးခဲ့ပါသည်။ |
| ၃ | ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) | ၄ | ၂၀၁၃ ခုနှစ်တွင် ကျောင်းအိမ်သာ တစ်ခန်းခွဲ ပံ့ပိုးခြင်း |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁–၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (**ပြည်တွင်း**/ **ပြည်ပ**)
(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (**ပြည်တွင်း**/ **ပြည်ပ**)
(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**
(၄) **ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)
(၅) **ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း** (**ဥပမာ** – UK Aid, GIZ **စသည့်**)
(၆) **ပရဟိတအဖွဲ့** (**ပြည်တွင်း**/ **ပြည်ပ**)
(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

## ၂.၂ စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

### ၂.၂.၁ သီးနှံထုတ်လုပ်ရေး

#### ၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၃၁ | ၆၄% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ဟတ်တာထိ) | ၉၈ | ၂၇% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ) | ၁၃ | ၄% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား( ၅ဟတ်တာထိ | ၁၃ | ၄% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့်အထက်) | ၄ | ၁% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၃၅၉ | ၁၀၀ % | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁–၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စု (၁၂၈)စုသာ လယ်မြေ၊ ဥယျာဉ်ခြံမြေ နှင့် ရော်ဘာခြံများပိုင်ဆိုင်ကြပြီး မြစ်ရေတိုက်စားခြင်း၊ ကမ်းပါးပြိုခြင်းတို့ကြောင့် သီးနှံတိုးချဲ့ စိုက်ပျိုးရန် မြေဧရိယာမရှိတော့ပေ။ လက်ရှိမြေဧရိယာပေါ်တွင်သာ အထွက်နှုန်းကောင်းရရန်နှင့် အရည်အသွေး ကောင်း၊ ဈေးကွက်မှီသောထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရန် အရေးကြီးပါသည်။ စိုက်ပျိုးမြေ မပိုင်ဆိုင်သော အိမ်ထောင်စုများမှာ စိုက်ပျိုးရေးလုပ်ကိုင်သူ အိမ်ထောင်စုများအပေါ် မှီခိုကြရပြီး အနည်းစုမှာ အခြားဒေသများတွင် သွားရောက်အလုပ်လုပ်ကိုင်ကြသည်။

**၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

**ဇယား (၁၃)** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | အဝီစိတွင်း | ၁၇၇ | | ၁၇၇ တွင်းမှာ တစ်နှစ်ပတ်လုံး ရေရရှိပြီး ယခုနှစ်တွင် တစ်ဝက်မှာနွေရာသီ၌ရေခမ်းခြောက်ခဲ့ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁–၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လယ်မြေများသည် မိုးကောင်းသောက်လယ်များဖြစ်ကြပြီး ကုန်းလယ်များသည် မိုးခေါင်သည့်ကာလများတွင် စပါးအထွက်နှုန်းကျဆင်းသည့် ပြဿနာများ ကြုံတွေ့ရပါသည်။ ထို့ပြင် မိုးတွင်းကာလ ရေကြီး၊ရေလျှံမှုကြောင့် စပါးခင်းများရေနစ်မြုတ်ဒဏ်ကို ခံကြရပါသည်။ ယခင်ကရေစီးဆင်းမှုကောင်းမွန်ရန် ရေနုတ်မြောင်းများတူးဖော်ပေးခြင်းဖြင့် မိုးတွင်းဘက် ရေကြီးနစ်မြုပ်မှုဒဏ်မှသက်သာစေပါသည်။ ယခုအခါ မြောင်းများကောလာသဖြင့် ပြန်လည်တူးဖော်ရမည် ဖြစ်ပါသည်။**

**၂.၂.၁.၃ အဓိကသီးနှံများ နှင့် အထွက်နှုန်း**

**ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း**

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံ စိုက်ပျိုးသည့်ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ် /မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ် /မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | | | | |
| ကွမ်း | ၃၆.၅ | ပိဿ | ၁၀၀ | ၄၀၀ | ၂၀၀ | ကဆုန်–တန်ခူး | လတ် | နိမ့် | ၂၀ရက်တစ်ကြိမ် |
| စပါး | ၁၈၈ | တင်း | ၃၀ | ၅၀ | ၄၀ | ကဆုန်–တန်ဆောင် မုန်း | လတ် | လတ် | |
| ပဲ | ၁၈၈ | တင်း | ၁ | ၁၀ | ၅ | တန်ဆောင် မုန်း–ပြာသို | လတ် | လတ် | |
| ရော်ဘာ | | | | | | နှစ်ရှည် | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁–၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရွာသူရွာသားများသည် ကွမ်းကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အထိ စိုက်ပျိုးကြပါသည်။ ဆင်းရဲသားအိမ်ထောင်စုများသည် တစ်ပိုင်တစ်နိုင်သာ စိုက်ပျိုးနိုင်သောကြောင့် စီးပွားရေးအရတိုးတက်မှုမရှိသော်လည်း ၁၅/၂၀ရက်တစ်ကြိမ် ငွေကြေးသုံးစွဲရန် အခွင့်အလမ်းရရှိလာပါသည်။**

**စပါးတွင် ဒေသမျိုးများကိုသာ စိုက်ပျိုးကြပြီး ၁ဧက တင်း၃၀ မှ ၅၀ထိ ထွက်ရှိပါသည်။ ထိုလယ်များတွင် စပါးရိတ်သိမ်းပြီးချိန်၌ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲဖြူတို့ကိုစိုက်ပျိုးကာ ၁ဧကလျှင်**

၁တင်းမှ ၁၀တင်းအထိသာ ထွက်ရှိပါသည်။ တပေါင်း၊ တန်ခူးလများတွင် လယ်များအတွင်းသို့ ရေငံဝင်ရောက်မှုသည် အထွက်နှုန်းလျော့ကျစေခြင်းကြောင့် ရေငံဝင်ရောက်မှုကို ကာကွယ်နိုင်သည့် နည်းလမ်းများကို စဉ်းစားရမည် ဖြစ်ပါသည်။

ကျေးရွာတွင် ရော်ဘာစေ့များကိုပျိုးထောင်၍ အဖူးကူးခြင်း၊ မျိုးကောင်းမျိုးသန့်များ ဝယ်ယူခြင်းဖြင့် စိုက်ပျိုးကြပါသည်။ ရော်ဘာထွက်ရှိသူ အနည်းငယ်သာရှိပါသည်။ ရော်ဘာ ဈေးနှုန်း ကျဆင်းမှုကြောင့် လုပ်အားခ နှင့် ဝင်ငွေမညီမျှသည့်အတွက် တချို့ခြံများတွင် ရော်ဘာစေးခြစ်သည့် အလုပ်များကို ရပ်နားထားကြပါသည်။ အရည်အသွေးမှီသော ရော်ဘာပြား များထုတ်လုပ်ခြင်း၊ ဈေးကွက်တည်ငြိမ်အောင်ဆောင်ရွက်ပေးခြင်းအားဖြင့် ရော်ဘာထုတ်လုပ်မှု ပိုမိုကောင်းမွန်လာပြီး ဝင်ငွေ ပိုမိုရရှိလာမည် ဖြစ်ပါသည်။

### ၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

**ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| **လက်တွန်းထွန်စက်** | **၁၀** | | **စပါးနှင့်ပဲစိုက်ပျိုးရန် မြေယာပြုပြင်ခြင်းများ အတွက်အသုံးပြုကြပါသည်။** |
| ရေစုပ်စက် | **၄၈** | | **ကွမ်းနှင့် ရာသီသီးနှံပင်စိုက်ပျိုးရေးလုပ်ငန်းများ အတွက်သာ အသုံးပြုမှုများပါသည်။** |
| **မြက်ရိတ်စက်** | **၁** | | **ဥယျာဉ်ခြံ နှင့် ရော်ဘာစိုက်ခင်းများတွင် ပေါင်းမြက် ရှင်းလင်းရန် အသုံးပြု ပါသည်။** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁-၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာပိုင်တောင်သူများ၏ လယ်ယာလုပ်ငန်း လုပ်ဆောင်ရန် အတွက် ရေစုပ်စက်များကို ကွမ်းနှင့်ရာသီသီးနှံပင်စိုက်ပျိုးရေးအတွက် အသုံးပြုကြပါသည်။ ရေစုပ် စက်မပိုင်သော တောင်သူများမှာ တစ်နာရီလျှင် ၂၅၀၀ကျပ်ဖြင့် ငှါးရမ်းအသုံးပြုကြပါသည်။ မြေယာပြုပြင်ခြင်းအတွက် လက်တွန်းထွန်စက်များကို တစ်ဧက ၂၅၀၀၀ကျပ်နှုန်းဖြင့် (ထယ်ထိုး၊ ခြစ်ဆွဲ၊ စက်ပြန်ရိုက်)ငှါးထွန်ကြပါသည်။ စပါး၊ ပဲများရိတ်သိမ်းရန် ရွာ၏တဖက်ကမ်း ဝေါမြို့ ဘက်ခြမ်းရှိ ကျေးရွာများမှ ခြွေစက်များကို စပါးအတွက် ၁နာရီလျှင် ၂၅၀၀၀ကျပ်နှုန်း၊ ပဲအတွက် ၁တင်း ၃၀၀ကျပ်ဖြင့် ငှားရမ်း အသုံးပြုရပါသည်။

### ၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

**ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| | | |

| | | |
|---|---|---|
| **မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီ၊ဩဇာ)** | **မရှိ** | **သီးထပ်စိုက်ပျိုးနိုင်။** |
| **ရေအရင်းအမြစ်** | **ရှိ** | **ကွမ်းစိုက်ပျိုးရန်အတွက် စိုက်ပျိုးရေကိုပက်လက်တွင်းများ၊ ရေတွင်းများမှ ရရှိပါသည်။ ကျေးရွာ၏ အနောက်ဖက်ရှိ စစ်တောင်းမြစ် မှ ရေကို မတ်လ နှင့် ဧပြီလမှလွဲ၍ အသုံးပြုနိုင်ပါသည်။** |
| သဘာဝမြေဆွေး၊ ဩဂဲနစ် | **ရှိ** | **လှည်းတစ်စီးလျှင် ၁၃၀၀၀ကျပ်ဖြင့် လိုအပ်သလောက် ရရှိနိုင်။** |
| ဩဂဲနစ်ပိုးသတ်ဆေး | **မရှိ** | **လက်လှမ်းမမှီ၊ အသိပညာ/ဗဟုသုတအားနည်း။** |
| ချေးငွေရရှိမှု | **မရှိ** | **လယ်သမားများစိုက်ဘဏ်နှင့်ချိတ်ဆက်ချေးနိုင်သည်။** |
| သွင်းအားစုဈေးကွက် | **ရှိ** | **ကွမ်းညွှန့်ကိုကျေးရွာတွင်အလွယ်တကူဝယ်ယူရရှိနိုင်သည်။ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို မိမိတို့ကျေးရွာတွင် ဝယ်ယူနိုင်သကဲ့သို့ ရွာနှင့် ၁၄.၄ ကီလိုမီတာအကွာတွင် ရှိသော သိမ်ဇရပ်ကျေးရွာတွင် ဝယ်ယူရရှိပါသည်။ ရွှေနဂါး ကုမ္ပဏီမှ ၁၅ရက်ဆိုင်းဖြင့် ပိုးသတ်ဆေးများ၊ မြေဩဇာများ ရောင်းချပေး ပါသည်။** |
| ဝန်ဆောင်မှုဈေးကွက် | **ရှိ** | **စိုက်ပျိုးရေးဌာနမှ စပါးနှင့်ပက်သက်သည့် နည်းပညာ၊ ပံ့ပိုးပေးပါသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အဖွဲ့အစည်း များမှ ပုလဲဓါတ်မြေဩဇာများ ရောင်းချပေးခြင်း၊ ထယ်ထွန် ခြင်းနှင့်သီးနှံခြွေလှေ့သည့်လုပ်ငန်းများကိုကျေးရွာအရောက် ဆောင်ရွက်ပေးမှုရှိပါသည်။** |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | **ရှိ** | **အလွယ်တကူရောင်းချနိုင်။** |
| အခြား(၁) | | |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁-၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)**

**လေ့လာတွေ့ရှိချက်။ ။ မျိုးကောင်းမျိုးသန့်စနစ်သုံးစွဲနိုင်ရေးနှင့် သဘာဝပိုးသတ်ဆေး၊ မြေဩဇာ သုံးစွဲမှု အသိပညာ၊နည်းပညာများတိုးပွားခြင်းဖြင့် အထွက်နှုန်းများ ပိုမို ကောင်းမွန်လာနိုင်ပါသည်။**

**၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ**

**ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | **ရှိ** | **တိုးချဲ့စိုက်ပျိုးရန် မြေမရှိ။** |
| ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု | **ရှိ** | **အတိုးနှုန်းကြီးခြင်း၊လိုအပ်သလောက်ရင်းနှီးငွေ မရခြင်း၊ လိုအပ်သောအချိန်တွင် ချေးယူမရခြင်း၊အချိန်တိုအတွင်းပြန်လည်ပေး** |

| | | |
|---|---|---|
| | | **ဆပ်ရခြင်း၊ အာမခံထားရခြင်း။** |
| သွင်းအားစုတတ်နိုင်မှု | **ရှိ** | **မျိုးကောင်းမျိုးသန့် မသုံးစွဲနိုင်ခြင်း၊ ရင်းနှီးငွေ နည်းပါးခြင်း၊ ကုမ္ပဏီမှ တိုက်ရိုက် ရောင်းချ သော်လည်း ဈေးနှုန်းမြင့်မားခြင်း၊** |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | **မရှိ** | **ကောက်စိုက်၊ ပျိုးနှုတ်၊ ရိတ်သိမ်း၊ ကွမ်းခူး၊ ရော်ဘာ အစေးခြစ် ၊ ပဲသိမ်း စသည့် လုပ်ငန်း များအတွက် ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ငှါးရမ်းအသုံးပြုရပါသည်။** |
| ဆည်မြောင်းရေရရှိမှု | **ရှိ** | **ရေသွင်းမြောင်းများ ပိတ်ဆို့နေခြင်း။** |
| **မိုးရေ မလုံလောက်မှု** | | |
| **စိုက်ပျိုးရေးသွင်းအားစုများအချိန်မှီအသုံးပြုနိုင် မှု** | **ရှိ** | **ရင်းနှီးငွေ မလုံလောက်/ မရှိ** |
| ဖျက်ပိုးနှင့်ရောဂါ | **ရှိ** | **ကွမ်း၊ စပါး နှင့် ပဲတွင်ရောဂါ ကျရောက်မှု ပြင်းထန်ပါသည်။** |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | **ရှိ** | **ဌါနနှင့်ချိတ်ဆက်ရမည့်အသိပညာအားနည်း ခြင်း၊ ချိတ်ဆက်မှုအားနည်းခြင်း။** |
| ဈေးကွက်လက်လှမ်းမှီမှု | **မရှိ** | |
| **အစိုးရမူဝါဒနှင့် အစီအစဉ်** | | |
| **ဈေးနှုန်းမတည်ငြိမ်မှု/ ခိုင်မာသည့်ဈေးကွက်မရှိခြင်း** | **ရှိ** | **ကွမ်းဈေးအတတ်အကျများခြင်း၊ ပွဲစားများ၏ လွှမ်းမိုးမှုရှိခြင်း။ ကျေးရွာထွက်သီးနှံများကို ဖြန့်းပေး နိုင်သည့် ဈေးကွက်မရှိခြင်း/မသိခြင်း။** |
| **ဆားငံရေဝင်မှု** | **ရှိ** | **လွန်ခဲ့သော၄နှစ်ခန့်က ဆားငံရေဝင်မှု ဖြစ် ပွား ပြီး လယ်မြေများ ပျက်စီးမှုနှင့်ကြုံကာ အထွက်နှုန်းများလျော့နည်းလာသည့်အပြင် အချို့လယ်များမှာ စိုက်ပျိုး၍မရတော့ပါ။** |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁−၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)**

**လေ့လာတွေ့ရှိချက်။ ။**

လယ်ယာမြေများတွင် တပေါင်း၊ တန်ခူးလများတွင် ရေငံများ နှစ်စဉ်ဝင်ရောက်သည့် အတွက် မြေဆီလွှာအရည်အသွေး ပျက်စီးမှုများရှိလာပါသည်။ ရေငံဝင်ရောက်မှုအား ကာကွယ်ရန် အတွက် ကျိုက်ကသာ၊ ခလွန်ကျေးရွာများနှင့်ချိတ်ဆက်ပြီး ကန်သင်းဘောင်မြှင့်ခြင်းအား လုပ် ဆောင်ရမည်ဖြစ်ပါသည်။ အချို့သောနေရာများတွင် ၆ပေအမြင့်ရှိ ကန်သင်းဘောင်များ ပြုလုပ်ရမည် ဖြစ်ပြီး များသောအားဖြင့် ၃ပေအမြင့်ပြုလုပ်ရပါမည်။ အဓိကရေငံဝင်ပေါက်မှာ ခလွန်ချောင်း တူးမြောင်းမှ ဖြစ်ပါသည်။

### ၂.၂.၂ မွေးမြူရေး လုပ်ငန်း

### ၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

**ဇယား** (၁၈) **မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| မွေးမြူရေး | | |
| **နွား** | ၄၂ | အိမ်ထောင်စု (၄၂) မှ နွားကောင်ရေ (၁၄၉)ကောင်မွေးမြူထားပါသည်။ စာကျက်မြေပေါ်များခြင်း၊ ကျေးရွာရှိ လယ်မြေများနှင့် အနီးနားရွာရှိလယ်မြေများထွန်ယက်စိုက်ပျိုးရာတွင်အသုံးပြုနိုင်ခြင်းနှင့်အသားရောင်းချရန်ဈေးကွက်ရှိခြင်းတို့ကြောင့် နွားမွေးမြူခြင်းလုပ်ငန်းသည် မိသားစု များအတွက် တွက်ခြေကိုက်သောလုပ်ငန်းဖြစ်ပါသည်။ |
| **ကျွဲ** | ၂ | အိမ်ထောင်စု (၂)စုမှ ကျွဲများကိုမွေးမြူကြပြီး ကျွဲကောင်ရေမှာ (၁၆)ကောင်ရှိပါသည်။ |
| ဆိတ် | ၂၉ | အိမ်ထောင်စု (၂၉) စုမှဆိတ်ကောင်ရေ (၃၇၀) ကောင် မွေးမြူထားပါသည်။ စားကျက်ရှိခြင်းကြောင့် ဆိတ်မွေးမြူရန် တွက်ခြေကိုက်သော လုပ်ငန်းဖြစ်ပါသည်။ |
| ဝက် | ၇၂ | အိမ်ထောင်စု (၇၂)စုမှ ဝက်ကောင်ရေ (၁၄၅) ကောင်ကိုမွေးမြူထားကြပါသည်။ |
| ကြက် | ၁၄၅ | |
| ဘဲ | ၁၁ | ဘဲမွေးမြူရေးလုပ်ငန်းကိုအဓိကဝင်ငွေရအဖြစ် မွေးမြူသောအိမ်ထောင်စုမရှိပါ။ မိမိတို့အိမ်ခြံဝန်းအတွင်း တပိုင်တနိုင် မွေးမြူထားကြပါသည်။ |
| ငါးလုပ်ငန်း | | |
| ငါးကန် | ၁ | အိမ်ထောင်စု (၁)စုမှ မိမိပိုင်ဆိုင်သော လယ်(၈) ဧကကိုငါးမွေးကန်အဖြစ်တူးဖော်ထားပြီး ငါးမွေးမြူလျှက်ရှိပါသည်။ |
| ရေချိုငါးဖမ်းလုပ်ငန်း | ၆၉ | **အိမ်ထောင်စု (၆၉)စုတွင် အိမ်ထောင်စု (၂၅) စုမှ ငါးဖမ်းပိုက် (၁)ဖောင်စီ ပိုင်ဆိုင်ထား ကြပြီး အိမ်ထောင်စု (၄၄)စုမှ ငါးဖမ်းပိုက်(၂)ဖောင်စီကိုပိုင်ဆိုင် ထားကြပါသည်။ ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြသောသူများ မှာ ကိုယ်ပိုင်ငါးဖမ်း လှေများကို သာအသုံးပြုကြပါသည်။ လှေပိုင်ဆိုင်သော အိမ်ထောင် စုစုပေါင်း (၇၂) စုရှိပြီး လှေ(၇၂)စီး ရှိပါသည်။** |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁-၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)**

### ၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **စားကျက်မြေ** | **ရထားလမ်းတလျှောက်နှင့်မြစ်ကမ်းတလျှောက်တွင်နွားနှင့်ဆိတ် စာအတွက်လိုအပ်သောအစာအလုံအလောက်ရရှိနိုင်ပါသည်။** |
| **ရေရရှိမှု** | **မိုးရာသီနှင့်ဆောင်းရာသီတို့တွင်တွင်းရေအလွယ်တကူရရှိနိုင်ပြီး** |
| တိရစ္ဆာန်မျိုး | **မျိုးကောင်းသော တိ-များကို သိမ်ဇရပ်၊ ဝေါ စသည့် အခြားသော ဒေသတို့တွင်အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။** |
| ချေးငွေ | **ဒေသအတွင်းတွင်ချေးငွေရရှိနိုင်ပါသည်။** |
| သွင်းအားစုဈေးကွက် | **တိရစ္ဆာန်များအတွက်လိုအပ်သော ကာကွယ်ဆေး၊ ကုသဆေးများကို ကျိုက်ထိုမြို့၊ ဝေါမြို့ နှင့် သိမ်ဇရပ်စံပြကျေးရွာတို့တွင် အလွယ်တကူ ရရှိနိုင်ပါသည်။** |
| ဝန်ဆောင်မှုဈေးကွက် | **ကျိုက်ထို တိမွေး/ကုဌာန နှင့် သိမ်ဇရပ်စံပြကျေးရွာရှိ တိကုဆရာဝန်မှ ဝန်ဆောင် မှုရရှိပါသည်။** |
| ထုတ်ကုန်ရောင်းဝယ်မှု | **ကျေးရွာသို့ ကျိုက်ထို၊ သိမ်ဇရပ်နှင့် မုပ္ပလင်မှ ပွဲစားများ လာရောက်ဝယ်ယူသည်။** |
| **အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု** | **မိမိအိမ်ခြံဝင်းတွင် တပိုင်တနိုင်မွေးမြူးနိုင်ရန်မြေလုံလောက်မှုရှိပါသည်။** |

**ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၁-၂၃ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)**

